# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ဆဋ္ဌမပုံမှန်အစည်းအဝေး
# ဒုတိယနေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၆ | ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စု အဆင့်အဖွဲ့ အစည်းဝင် များက ဖြေကြားခြင်း | ၃ |
| ၇ | ညောင်လေးပင်မြို့တောရကြီးပရိယတ္တိစာသင်တိုက်၊ပဓာနနာယက ဆရာတော် ဘဒ္ဒန္တစန္ဒဝံသသာသန ဓဇဓမ္မာစရိယ (မဟာဂန္ထဝါစကပဏ္ဍိတ) သည် ၁၉၇၅ ခုနှစ်က ပဲခူးမြို့၊ သာသနာ့ မဏ္ဍိုင်ကျောင်းတိုက် တွင် ဓမ္မာစရိယစာမေးပွဲကို ဖြေဆို အောင်မြင်ခဲ့ရာ အောင်လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် အောင်လက်မှတ် မိတ္တူပြန်လည်ရရှိရေး ဆောင်ရွက်ပေးနိုင်ပါရန်နှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၈ | ရွှေကျင်မြို့နယ်၊ မဒမချောင်းအတွင်း တည်ဆောက်ထားသည့် စက်ယန္တရားကြီးများ တပ်ဆင် ဆောက်လုပ်သည့် ရေယာဉ်ကြီး များသည် မည်သည့်ဌာနက မည်သည့်ခွင့်ပြုချက် အမျိုးအစားဖြင့် ခွင့်ပြုထားသနည်း၊ ခွင့်ပြုချက် တစ်စုံတစ်ရာ မရရှိသေးမီ ယခုကဲ့သို့ထုထည်ကြီးမားသည့် စက်ယန္တရား ကြီးများ တပ်ဆင်တည်ဆောက်ခွင့်ရှိပါသလား၊ ဆောက်လုပ်ခွင့်မရှိဟုဆိုပါက ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်မှုအပေါ် မည်သို့အရေးယူမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၆ |
| ၉ | သစ်တောမြေများအတွင်း အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်နေသော လယ်မြေများ အားဌာနမှ စွန့်လွှတ် ပေးရန်နှင့် သစ်တောဌာန၏ သီးနှံ၊ သစ်တော ရောနှောစိုက်ခင်းများ အောင်မြင်ရေး စီမံဆောင်ရွက် ထားသည့် အစီအစဉ်များ ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၀ |

၁၀ ပေါင်မြို့နယ်၊ ဥတ္တံ့တားကျေးရွာရှိ Long Life Aggregate Mining Co.Ltd သည် ဒေသခံပြည်သူများ၏ အသက်၊ အိုးအိမ်လုပ်ငန်းများ ထိခိုက်နေသောကြောင့် ဖျက်သိမ်းပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း ၁၄

၁၁ ပြည်ထောင်စုအစိုးရအဖွဲ့သို့ပေးသွင်းရန် ကျန်ရှိသော ရွှေတူး ဖော်ရေး လုပ်ငန်းရှင်များနှင့် ကုမ္ပဏီတို့အား တိကျသော အရေးယူမှုများ ဆောင်ရွက်သွားရန်နှင့် ကြွေးကျန်များ ကျန်ရှိမှုမရှိအောင် ကောက်ခံ သွားရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း ၂၁

၁၂ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများ ပိုမိုရရှိစေရန် ကျောက်မျက် ရတနာရောင်းချပွဲများကို နှစ်လလျှင်တစ်ကြိမ်၊ တစ်နှစ်လျှင် ခြောက်ကြိမ် ကျင်းပပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း ၂၅

၁၃ ဒေါက်တာဒေါ်သက်သက်ခိုင်၊ ဒဂုံမဲဆန္ဒနယ်က တင်သွင်းတဲ့ မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ် ဇူလိုင်လမှာ အကြိုအဖွဲ့ဝင် (Candidate)အနေဖြင့် ဝင်ရောက်ခဲ့သည့် Extractive Industries Transparency Initiative(EITI)ဆိုသည့် သဘာဝ သယံဇာတ တူးဖော်ထုတ်လုပ်ခြင်း ဆိုင်ရာပွင့်လင်းမြင်သာမှုရှိရေး ဆောင်ရွက် နေသည့်အဖွဲ့ကြီး၏ တိုက်တွန်းချက်နှင့်အညီ သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ခြင်းကဏ္ဍမှရရှိသည့် နိုင်ငံတော်၏ ဝင်ငွေများကို နိုင်ငံသားများသို့ ပွင့်လင်းမြင်သာစွာချပြပြီး ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေသို့ အလုံးစုံဝင်ရောက် နိုင်ရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း ၂၈

၁၄ ဒေါက်တာဒေါ်သက်သက်ခိုင်၊ ဒဂုံမဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်း နိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း ၃၄

၁၅ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်ဥပဒေကြမ်းကို တင်သွင်းခြင်း ၃၄

၁၆ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း ၃၅

၁၇ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တင်သွင်းသည့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း ၄၃

တင်သွင်းနိုင်ကြောင်း ကြေညာခြင်း
၁၈ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆင္ဒမပုံမှန်အစည်းအဝေး ၄၃
ဒုတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်
ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး

## ဒုတိယနေ့ အစီအစဉ်

## [ ၁၉–၁၀–၂၀၁၇ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးစောထွန်းမြအောင်၊ ဖာပွန် မဲဆန္ဒနယ်၏ **ညောင်လေးပင်မြို့– တောရကြီး ပရိယတ္တိ စာသင်တိုက်၊ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တစန္ဒဝံသ သာသန ဓဇဓမ္မာစရိယ(မဟာဂန္ထဝါစကပဏ္ဍိတ) သည် ၁၉၇၅ ခုနှစ်က ပဲခူးမြို့၊ သာသနာ့ မဏ္ဍိုင်ကျောင်းတိုက်တွင် ဓမ္မာစရိယ စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့ရာ အောင်လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် အောင်လက်မှတ်မိတ္တူ ပြန်လည်ရရှိရေး ဆောင်ရွက်ပေးနိုင်ပါရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစောသလေးစော၊ ရွှေကျင် မဲဆန္ဒနယ်၏ **ရွှေကျင်မြို့နယ်၊ မဒမ ချောင်းအတွင်း တည်ဆောက်ထားသည့် စက်ယန္တရားကြီးများ**

**တပ်ဆင်ဆောက်လုပ်သည့် ရေယာဉ်ကြီးများသည် မည်သည့်ဌာနက မည်သည့်ခွင့်ပြုချက် အမျိုးအစားဖြင့် ခွင့်ပြုထားသနည်း၊ ခွင့်ပြုချက် တစ်စုံတစ်ရာ မရရှိသေးမီ ယခုကဲ့သို့ ထုထည်ကြီးမားသည့် စက်ယန္တရားကြီးများ တပ်ဆင်တည်ဆောက်ခွင့် ရှိပါသလား၊ ဆောက်လုပ်ခွင့်မရှိဟု ဆိုပါက ခွင့်ပြုချက် မရှိဘဲ ဆောက်လုပ်မှု အပေါ် မည်သို့ အရေးယူမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး၊ ကလေး မဲဆန္ဒနယ်၏ **သစ်တောမြေများ အတွင်း အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်နေသော လယ်မြေများအား ဌာနမှ စွန့်လွှတ်ပေးရန်နှင့် သစ်တောဌာန၏ သီးနှံ၊ သစ်တော ရောနှော စိုက်ခင်းများ အောင်မြင်ရေး စီမံဆောင်ရွက်ထားသည့် အစီအစဉ်များ ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်မိကွန်ချမ်း၊ ပေါင် မဲဆန္ဒနယ်၏ **ပေါင်မြို့နယ်၊ ဥတ္တံ့တား ကျေးရွာရှိ Long life Aggregate Mining Co.ltd သည် ဒေသခံပြည်သူများ၏ အသက်၊ အိုးအိမ် လုပ်ငန်းများ ထိခိုက် နေသောကြောင့် ဖျက်သိမ်းပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဇာနည်မင်း၊ ရွှေကူ မဲဆန္ဒနယ်၏ **ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပေးသွင်းရန် ကျန်ရှိသော ရွှေတူးဖော်ရေး လုပ်ငန်းရှင်များနှင့် ကုမ္ပဏီတို့အား တိကျသော အရေးယူမှုများ ဆောင်ရွက်သွားရန်နှင့် ကြွေးကျန်များ ကျန်ရှိမှု မရှိအောင် ကောက်ခံသွားရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်၏ **နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများ ပိုမိုရရှိစေရန် ကျောက်မျက်ရတနာ ရောင်းချပွဲများကို (၂)လလျှင် (၁)ကြိမ်၊ (၁)နှစ်လျှင် (၆)ကြိမ် ကျင်းပပြုလုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါက်တာဒေါ်သက်သက်ခိုင်၊ ဒဂုံ မဲဆန္ဒနယ်က **"မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ်၊ ဇူလိုင်လမှာ အကြိုအဖွဲ့ဝင်(Candidate) အနေဖြင့် ဝင်ရောက်ခဲ့သည့် Extractive Industries Transparency Initiative (EITI) ဆိုသည့် သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေး၊ ဆောင်ရွက်နေသည့် အဖွဲ့ကြီး၏ တိုက်တွန်းချက်နှင့်အညီ သဘာဝ သယံဇာတတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍမှ ရရှိသည့် နိုင်ငံတော်၏ ဝင်ငွေများကို နိုင်ငံသားများသို့ ပွင့်လင်းမြင်သာစွာချပြပြီး ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေသို့ အလုံးစုံ ဝင်ရောက်နိုင်ရေး အစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း။

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၈။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက **"အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၉။ **“အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၁၀။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက တင်သွင်းသည့် **“အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်း နှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး**
**ဒုတိယနေ့မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ သတင်းကျွတ်လပြည့်ကျော် ၁၄ ရက်**
**(၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်)**
**(ကြာသပတေးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။
**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။
**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၃၈၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၉.၂၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၈ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၂၈ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၂ ရက်၊
(၂) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊
(၃) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် ၁ ရက်၊
(၄) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးနေကျော် ခွင့် ၂ ရက်၊
(၅) ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး ခွင့် ၁ ရက်၊
(၆) ဗဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့် ခွင့် ၆ ရက်၊
(၇) မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း ခွင့် ၁ ရက်၊
(၈) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးထွန်းထွန်းဝင်း ခွင့် ၁ ရက်၊
(၉) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၂ ရက်၊
(၁၀) ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း ခွင့် ၁ ရက်၊
(၁၁) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွှန့် ခွင့် ၂ ရက်၊
(၁၂) မံစီမဲဆန္ဒနယ်မှ ဦးချင်းဖေလင်း ခွင့် ၂ ရက်၊
(၁၃) ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ခွင့် ၂ ရက်၊
(၁၄) မယ်စဲမဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း ခွင့် ၂ ရက်၊
(၁၅) ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးစံခင် ခွင့် ၂ ရက်၊
(၁၆) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမိုးကျော် ခွင့် ၁ ရက်၊
(၁၇) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၁ ရက်၊
(၁၈) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၁ ရက်၊
(၁၉) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၁ ရက်၊

(၂၀) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၂ ရက်၊
(၂၁) မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းအေး(ခ)ဦးစိုင်းထွန်းအေး ခွင့် ၁ ရက်၊
(၂၂) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၁ ရက်၊
(၂၃) တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း ခွင့် ၂ ရက်၊
(၂၄) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၁ ရက်၊
(၂၅) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ခွင့် ၁ ရက်၊
(၂၆) သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ခွင့် ၁ ရက်၊
(၂၇) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၂ ရက်နှင့်
(၂၈) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် ၂ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၉ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၈ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၉ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၈ ဦးဖြစ်၍ လွှတ်တော်က ခွင်ပြုထားသူ စုစုပေါင်း ၄၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**ညောင်လေးပင်မြို့-တောရကြီးပရိယတ္တိစာသင်တိုက်၊ ပဓာနနာယကဆရာတော်ဘဒ္ဒန္တစန္ဒဝံသ သာသန ဓဇဓမ္မာစရိယ(မဟာဂန္ထဝါစကပဏ္ဍိတ)သည် ၁၉၇၅ ခုနှစ်က ပဲခူးမြို့ သာသနာ့မဏ္ဍိုင်ကျောင်းတိုက်တွင် ဓမ္မာစရိယစာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့ရာ အောင်လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် အောင်လက်မှတ်မိတ္တူပြန်လည်ရရှိရေး ဆောင်ရွက်ပေးနိုင်ပါရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောထွန်းမြအောင်(ဖာပွန် မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ဖာပွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးတဲ့မေးခွန်းမတင်ပြခင်မှာ အကြောင်းအရာလေးကို နည်းနည်းရှင်းပြလိုပါတယ်။ ကျွန်တော့်အနေနဲ့ ညောင်လေးပင်မြို့နယ်၊ ကျူချောင်းရွာမှာ မွေးဖွားပြီး ရွာဦးကျောင်းကတော့ တောရကြီးကျောင်းတိုက်ကြီး ဖြစ်ပါတယ်။ အဲဒီကျောင်းတိုက်ဆရာတော်ဟာ အရင်တုန်းက ဆရာတော်ဦးသီလ၊ ဆရာတော်ဦးငြိမ်း၊ ဆရာတော်ဦးအရိယ တို့ဖြစ်ကြပါတယ်။ အဲဒီကျောင်းတိုက် ကျူချောင်းရွာတစ်ရွာလုံးမှာ တန်ဆောင်မုန်းလပြည့်နေ့၊ လပြည့်ကျော် (၂)ရက်နေ့မှာဆိုလို့ရှိရင် စာပြန်ပွဲကြီးကို တစ်ရွာလုံး ဝေယျာဝစ္စလုပ်ခဲ့ကြပါတယ်။ ယခုအချိန်အထိလည်းလုပ်ခဲ့ပါတယ်။ ကျွန်တော်ဟာ အဲဒီကျောင်းမှာ မူလတန်းကျောင်းသားဘဝကနေ (၁၀)တန်းအောင်တဲ့အထိ ကျောင်းသားလုပ်ခဲ့ရပါတယ်။ (၁၀)တန်းအောင်ပြီးနောက် တာဝန်အရပ်ရပ်ထမ်းဆောင်ပြီးတဲ့နောက်မှာ ပထမအကြိမ် ပြည်သူ့လွှတ်တော်အထိ ကျောင်းကြီးကို မရောက်ခဲ့ပါဘူး။ ဒါကြောင့် ဆရာတော်ကြီးက ကျွန်တော့်မဲဆန္ဒနယ်မြေမှာ ကျွန်တော်တင်ပြတဲ့အချက်အလက်တွေကို ကြည့်ပြီး ဦးထွန်းမြအောင်ကြီး ရွာကိုတော့လာတယ်။ ကျောင်းကိုတော့မလာဘူး။ ဘယ်သူ့အိမ်များသွားနေလဲ။ အမျိုးတွေကို တွေ့ရင် မေးကြပါတယ်။ ကျွန်တော်လည်း ညီအစ်ကိုဆုံးသွားပြီးကတည်းက မရောက်တာ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးမှာ မြေးတစ်ယောက်မင်္ဂလာဆောင်တာနဲ့ ကျွန်တော်ကျောင်းကို ရောက်ခဲ့ပါတယ်။ ကျွန်တော့်ကို ခေါ်ပြီး ကိုထွန်းမြအောင်ကြီး ကျောင်းလေးဘာလေး လာပါဦးလို့ မိန့်ကြားပါတယ်။ ကဲ ဘုန်းဘုန်း အခုရောက်ပြီ။ ဘာများအမိန့်ရှိမလဲလို့ မေးတော့ ဒါကာကြီးရယ်၊ ဒီကျောင်းတိုက်မှာ ငယ်ဖြူဘဝကတည်းက စာချခဲ့တာနှစ်(၄၀)ကျော်ခဲ့ပါပြီ။ တိုက်အုပ်ဘဝကတည်းက မပူမပန်နေရတာ။ ဒါပေမဲ့ ဘုန်းဘုန်းရဲ့ ရှေးရှေးဆရာတော်ကြီးများက ဆောင်ရွက်ပေးတဲ့အတွက်ကြောင့် တပည့်တော် ဘာမှမပူရပါဘူး။ အခုပဓာနနာယကဆရာတော်ကြီးဖြစ်တော့ အဲဒီအချက်အလက်တွေက ခေါင်းပေါ်ရောက်လာခဲ့ပါတယ်။ ပထမအချက်ကတော့ ၁၉၇၃ ခုနှစ်မှာ သာသနာ့မဏ္ဍိုင်မှာ ဓမ္မာစရိယအောင်တယ်။ ၁၉၈၂ ခုနှစ်မှာ မဟာဂန္ထဝါစကဘွဲ့ ချီးမြှင့်ခံရတယ်။ ဒါလည်း အေးအေးဆေးဆေးပဲ။ ဒါပေမဲ့ ပဓာနနာယကဆရာတော်ဖြစ်တဲ့အတွက်ကြောင့် ဓမ္မာစရိယအောင်လက်မှတ်ကို တပည့်တစ်ယောက်က သိမ်းထားခဲ့တာ ရှာလို့မတွေ့တော့ပါဘူး။ ပျောက်နေတယ်။ အဲဒါပျောက်သွားတာ မူရင်းဖြစ်ပါတယ်။ မိတ္တူလေးဘာလေးများရမလားလို့ ကျွန်တော့်ကို မေးပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလက်မှတ်မရှိတော့ တောရကြီးကျောင်းတိုက်ရဲ့ ဂုဏ်ဒြပ်နှင့်ညီတဲ့ အစိုးရချီးမြှင့်တဲ့ ဘွဲ့လည်းလျှောက်လို့မရဘူး။ ကျောင်းတိုက်မှာ ဓမ္မာစရိယအောင်တဲ့ စာသင်သားတွေလည်း ဘွဲ့မတင်ရဲကြဘူး။ ဘုန်းဘုန်းက အပိတ်ခံနေရတာကိုး။ နောက်တစ်ချက်ကတော့ ကျောင်းတိုက်မှာ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရွှေကျင်ဂိုဏ်းက ကျောင်းတိုက်တွေက ဘုန်းဘုန်းကျောင်းမှာ စာလာသင်ကြပါတယ်။ သံဃာတော် ၁၀၀ ကျော်ပါတယ်။ သူတို့ရဲ့ခရီးသွားလာရေး၊ ဆေးရုံတက်ရေး အခက်အခဲတွေ၊ နောက်တစ်ခုက တန်ဆောင်မုန်းလဆုတ် (၂)ရက်နေ့မှာ ရွှေကျင်စာပြန်ပွဲရှိပါတယ်။ အဲဒီမှာ သက်ကြီးဆရာတော်တွေ ကြိုဖို့အတွက် ကားလိုပါတယ်။ သာသနာရေး(RG)ကားကလည်း ဘွဲ့လက်မှတ်မပါလို့ရှိရင် လျှောက်လို့မရဘူး။ သူများကိုလည်း မပြောချင်ဘူး။ အခွင့်အရေးယူမှာစိုးလို့ မပြောဖြစ်တာ။ ဒါကြောင့် ဒါကာကြီးကို မျှော်နေတာ။ ဒါကာကြီး တင်ပြပေးလို့ရမလားလို့ ကျွန်တော့်အားမေးတဲ့အခါမှာ ဘုန်းဘုန်းမပူနဲ့။ တပည့်တော် တင်ပြပေးမယ်။ သာသနာရေးအတွက်ပဲ။ ဒါကြောင့် ရွှေကျင်ကျောင်းဂိုဏ်းဝင် အဓိပတိတောရကြီးကျောင်းတိုက်ကြီးကို လိုအပ်ချက်ဆောင်ရွက်ပေးရန်အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သာသနာရေးဝန်ကြီးအား လေးစားစွာ ဂါရဝပြုမေးမြန်းတင်ပြအပ်ပါတယ်။ အဲဒီမေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ ဆရာတော်ကြီးရဲ့ပျောက်ဆုံးနေတဲ့ ဘွဲ့လက်မှတ်ရရှိရေးအတွက် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ၊ ကျောင်းတိုက်ရဲ့လိုအပ်ချက်များလည်း ဆောင်ရွက်ပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**သူရဦးအောင်ကို(ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကရင်ပြည်နယ်၊ ဖာပွန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းမြအောင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီးတော့မှ ကျွန်တော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့ တောရကြီးပရိယတ္တိစာသင်တိုက်၊ ပဓာနနာယကဆရာတော်ဘဒ္ဒန္တစန္ဒဝံသရဲ့ သာသနဓဇဓမ္မာစရိယအောင်လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် အောင်လက်မှတ်မိတ္တူမှန် ပြန်လည်ရရှိရေး ဆောင်ရွက်ပေးနိုင်ပါရန်နှင့်စပ်လျဉ်းတဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီးတော့မှ နိုင်ငံတော်သံဃာ့နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌနာယကဆရာတော်ဘဒ္ဒန္တဥတ္တမဉာဏာဘိဝံသနှင့် နိုင်ငံတော်သံဃာ့နာယကမဟာနာယကအဖွဲ့ ပညာရေးအဖွဲ့ငယ်ဆရာတော်များက အောင်လက်မှတ်မိတ္တူ ပျက်စီးပျောက်ဆုံးသွားလျှင် ခေတ်ကာလနှင့်အညီ အသုံးအနှုန်းအခေါ်အဝေါ်ပြောင်းလဲမှုများကြောင့် မိတ္တူမှန်ထုတ်ပေးရန် မဖြစ်နိုင်ကြောင်း၊ ဘွဲ့တော်၊ အဖအမည်၊ ဇာတိ၊ ကျောင်းတိုက်၊ ခုံအမှတ်နှင့် အောင်မြင်သည့်ခုနှစ်များ မှန်ကန်စွာဖော်ပြနိုင်ပါက အောင်မြင်ကြောင်း ထောက်ခံချက် ထုတ်ပေးခြင်းသည်သာ အသင့်တော်ဆုံးဖြစ်ကြောင်းဆိုပြီးမှ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ရဲ့ ပညာရေးအဖွဲ့ငယ်ဆရာတော်များကနေ

ပြန်လည်မိန့်ကြားခဲ့ပါတယ်။ အောင်လက်မှတ်များ ပျောက်ဆုံးမှုနှင့်ပတ်သက်လို့ ဤဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနမှာရှိတဲ့ စာမေးပွဲဌာနအနေဖြင့် အောင်မြင်ခဲ့သည့် ကျောင်းတိုက်နှင့် သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့ရဲ့ထောက်ခံချက်များဖြင့် အောင်မြင်ကြောင်းထောက်ခံချက် တောင်းခံလာပါက စာမေးပွဲဌာနခွဲမှာရှိတဲ့ အောင်စာရင်း ထေရုပ္ပတ္တိများနှင့် တိုက်ဆိုင်စစ်ဆေးပြီး တော့မှ အချက်အလက်များပြည့်စုံမှန်ကန်ပါက စာမေးပွဲအောင်မြင်ကြောင်း ထောက်ခံချက်ကို ညွှန်ကြားရေးမှူး၊ စာမေးပွဲဌာနခွဲက လက်မှတ်ရေးထိုး၍ ထုတ်ပေးလျက်ရှိပါတယ်။ အလားတူ Case လည်း များစွာကြုံတွေ့လျက်ရှိပါတယ်။ ဤဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနရှိ စာမေးပွဲဌာနခွဲအနေနဲ့ တိပိဋကဓရ၊ ဓမ္မာစရိယ၊ ဋီကာယ်၊ ပါဠိပထမပြန်၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲအောင်လက်မှတ်များပျောက်ဆုံးပါက အောင်လက်မှတ်မိတ္တူမှန်ဖြင့် ထုတ်ပေးခြင်းမရှိပါကြောင်းနှင့် သို့ပါ၍ တောရကြီး ပရိယတ္တိစာသင်တိုက်၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒဝံသရဲ့ သာသနဓဇဓမ္မာစရိယစာမေးပွဲ အောင်မြင်ကြောင်း ထောက်ခံချက်ကို စာမေးပွဲဌာနကနေပြီးမှ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့ တွင် ထုတ်ပေးပြီးဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရွှေကျင်မြို့နယ်၊ မဒမချောင်းအတွင်း တည်ဆောက်ထားသည့် စက်ယန္တရားကြီးများ တပ်ဆင်ဆောက်လုပ်သည့် ရေယာဉ်ကြီးများသည် မည်သည့်ဌာနက မည်သည့်ခွင့်ပြုချက်အမျိုးအစားဖြင့် ခွင့်ပြုထားသနည်း၊ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိသေးမီ ယခုကဲ့သို့ထုထည်ကြီးမားသည့် စက်ယန္တရားကြီးများ တပ်ဆင်တည်ဆောက်ခွင့်ရှိပါသလား၊ ဆောက်လုပ်ခွင့်မရှိဟုဆိုပါက ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်မှုအပေါ် မည်သို့အရေးယူမည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောသလေးစော(ရွှေကျင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသလေးစော ဖြစ်ပါတယ်။ ရွှေကျင်မြို့နယ် မဒမချောင်း အတွင်း တည်ဆောက်ထားတဲ့ စက်ယန္တရားရေယာဉ်ကြီးများသည် မည်သည့်ဌာနက မည်သည့် ခွင့်ပြုချက်အမျိုးအစားဖြင့် ခွင့်ပြုဆောက်လုပ်ထားသည်နှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးပါ။ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင် မြို့နယ်ဟာ ရွှေသတ္တုများနေရာအနှံ့ထွက်ရှိရာဒေသ ဖြစ်ပါတယ်။ ထိုသို့ ထွက်ရှိတဲ့အလျောက် ရွှေကျင်ချောင်းနဲ့ မဒမချောင်းတစ်လျှောက် ရွှေတူးဖော်မှုများကြောင့် သဘာဝပတ်ဝန်းကျင်လည်း များစွာထိခိုက်မှုရှိသည့်အတွက် မူလသဘာဝအခြေအနေသို့ ပြန်လည်ထိန်းသိမ်းရေး၊ ပြန်လည် ကြပ်မတ်သင့်သည့်အခြေအနေဖြစ်ပါတယ်။ ဒေသခံရွှေတူးဖော်သူများအနေနဲ့လည်း စည်းကမ်းတကျ စံချိန်စံညွှန်းများနဲ့အညီ ပူးပေါင်းလုပ်ဆောင်ရန် စိတ်အားထက်သန်ကြပါတယ်။ ကျွန်တော်တို့ ဒီနည်းဥပဒေအသစ် ထွက်ရှိဖို့အတွက်ကိုလည်း မျှော်လင့်နေကြပါတယ်။ အခုအခါမှာတော့ ဒီမဒမချောင်းအတွင်းမှာ အကြီးစားစက်ယန္တရားကြီးများ တည်ဆောက်ထားတဲ့ သံထည်သင်္ဘောကြီး များတည်ဆောက်ထားလျက် ရှိပါတယ်။ ယင်းသင်္ဘောကြီးများဟာ တခြားဒေသမှ သယ်ဆောင် လာခြင်းမဟုတ်ဘဲ မဒမချောင်းအတွင်းမှာပင် တည်ဆောက်ထားပါတယ်။ စတင်တည်ဆောက်စဉ်မှာ

ကတည်းကပင် မည်သည့်ဌာန၊ မည်သည့်ခွင့်ပြုချက်အမျိုးအစားဖြင့် ဆောက်လုပ်ကြောင်းကို သက်ဆိုင်ရာအဆင့်ဆင့်ကိုမေးမြန်းသော်လည်း ရေရာစွာဖြေကြားခြင်းမရှိပါဘူး။ ဒေသခံများအနေနဲ့က ဒီအပေါ်မှာစိုးရိမ်ပူပန်မှုတွေ ရှိကြပါတယ်။ စိုးရိမ်ပူပန်မှုများလည်း ဖြစ်ကြရပါတယ်။ အဲဒီလို အခြေအနေမှာ ဒေသခံများအနေဖြင့်လည်း စတင်ဆောက်လုပ်ချိန်မှာ ပွင့်လင်းမြင်သာစွာသိရှိခြင်း မရှိတဲ့အတွက် သဘာဝပတ်ဝန်းကျင်ပျက်စီးမယ့်အရေး ပူပန်ခြင်းများလည်း ဖြစ်ပေါ်တဲ့အတွက်ကို လွှတ်တော်ကိုယ်စားလှယ်တွေကို မေးမြန်းလာတဲ့အခါမျိုးရှိတဲ့အတွက် သက်ဆိုင်ရာဌာနအသီးသီးကို မေးမြန်းပါတယ်ခင်ဗျား။ ဒီလိုမေးမြန်းတာကို ဘာမှဖြေကြားခြင်းမရှိ သေးခင်မှာဘဲ ပိုပြီးတော့မှ ထုထည်ကြီးမားတဲ့သံထည်သင်္ဘောကြီးတွေ ထပ်မံတည်ဆောက်လာကြောင်းကို ပြည်သူတွေက တင်ပြတဲ့အတွက် ကျွန်တော်တို့တွေ့မြင်ခဲ့ရပါတယ်။ အဲဒီအတွက် ယင်းကိစ္စနဲ့ပတ်သက်ပြီးတော့မှ သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတွေကို ကျွန်တော်တို့တင်ပြပါတယ်။ ဒီလိုပြည်ထဲရေးဝန်ကြီးဌာနအထိ တင်ပြခဲ့သော်လည်း မည်သည့်အရေးယူမှုတစ်စုံတစ်ရာကိုမှ အကြောင်းပြန်ကြားခြင်းကို လုပ်ဆောင်ခြင်း မရှိတဲ့အတွက်ကို အကြောင်းစုံသေသေချာချာ မသိရတဲ့အတွက် လွှတ်တော်မှာတင်ပြပြီးတော့မှ ဒီကိစ္စကို ပြည်သူတွေအနေနဲ့ ပွင့်ပွင့်လင်းလင်းလေးသိရအောင် မေးမြန်းရခြင်းဖြစ်ပါတယ်။

နောက်တစ်ချက်က ဒီမေးခွန်းမေးမြန်းရခြင်းရဲ့ရည်ရွယ်ချက်က ပြည်သူများပွင့်လင်းမြင်သာစွာ သိရှိနိုင်စေဖို့အတွက်ရယ်၊ နောက်တစ်ခုက ဥပဒေနဲ့အညီ လုပ်ငန်းလုပ်ကိုင်ခွင့်များကို တင်ပြဆောင်ရွက်နိုင်ဖို့အတွက်ရယ်၊ နောက်တစ်ချက်အနေနဲ့က လုပ်ငန်းရှင်များကလည်း ဥပဒေနဲ့အညီ လုပ်ကိုင်ခွင့်ပြုမိန့်ဖြင့် လုပ်ကိုင်ခြင်းအားဖြင့် ဖြစ်ပေါ်လာမယ့် နောက်ဆက်တွဲဆိုးရွားမှုဆိုးကျိုးတွေကို ကြိုတင်ကာကွယ်နိုင်တဲ့ အနေအထားမျိုးဖြစ်အောင်လို့ ဒီမေးခွန်းကိုမေးမြန်းရခြင်းဖြစ်ပါတယ်။ မေးမြန်းလိုတဲ့မေးခွန်းကတော့ (၁) ရွှေကျင်မြို့နယ်၊ မဒမချောင်းအတွင်း တည်ဆောက်ထားတဲ့ စက်ယန္တရားကြီးများ တပ်ဆင်ဆောက်လုပ်သည့် ရေယာဉ်ကြီးများအား မည်သည့်ဌာနက မည်သည့် ခွင့်ပြုချက်အမျိုးအစားဖြင့် ပြုလုပ်ထားပါသလဲ၊ ဆောက်လုပ်ထားပါသလဲ၊ (၂) ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိသေးဘူးဆိုလို့ရှိရင် ယခုကဲ့သို့ထုထည်ကြီးမားတဲ့ စက်ယန္တရားကြီးများကို ခွင့်ပြုချက်မရသေးမီ တည်ဆောက်ခွင့်ရှိပါသလား၊ (၃) အနေနဲ့ ဆောက်လုပ်ခွင့်မရှိဘူးဆိုလို့ရှိရင် ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်မှုအပေါ် မည်သို့အရေးယူဆောင်ရွက်မည်လဲတို့ကို သိရှိလိုပါသောကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပြည်သူများရဲ့ကိုယ်စား မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း

ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသလေးစောရဲ့ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ ရွှေကျင်မြို့နယ်၊ မဒမချောင်းအတွင်း တည်ဆောက်ထားတဲ့ စက်ယန္တရားကြီးများ တပ်ဆင်ဆောက်လုပ် ထားတဲ့ ရေယာဉ်ကြီးများသည် မည်သည့်ဌာနက မည်သည့်ခွင့်ပြုချက်အမျိုးအစားဖြင့် ခွင့်ပြုထားပါ သလဲ၊ ခွင့်ပြုချက်တစ်စုံတစ်ရာမရသေးမီ ယခုကဲ့သို့ထုထည်ကြီးမားတဲ့ စက်ယန္တရားကြီးများ တပ်ဆင်တည်ဆောက်ခွင့်ရှိပါသလား၊ ဆောက်လုပ်ခွင့်မရှိဟုဆိုပါက ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်မှု အပေါ်မှာ မည်သို့အရေးယူမည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းကို ပဲခူးတိုင်းဒေသကြီးအစိုးရ ကိုယ်စား ကျွန်တော် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဦးအုန်းဝင်းကနေပြီးတော့ ဖြေကြားသွားမှာဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ မဒမချောင်းအတွင်း တပ်ဆင်ဆောက်လုပ်ထားတဲ့ စက်ယန္တရားကြီးများ၊ ရေယာဉ်ကြီးများဟာ KNLA တပ်မဟာ(၇)ဌာနချုပ် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (ရွှေခနထွန်းလင်း သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်)က တရားဝင် ခွင့်ပြုချက်လိုင်စင်မရှိဘဲ လုပ်ငန်းဆောင်ရွက်နေခြင်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဌာနအဖွဲ့အစည်း များက စက်ယန္တရားဆောက်လုပ်မှုများအား တရားဝင်ခွင့်ပြုချက်ပေးထားခြင်းမရှိကြောင်း၊ ပို့ဆောင် ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနများကို တရားဝင်ခွင့်ပြုချက်လိုင်စင်ရရှိရေး တင်ပြထားခြင်းတွေ့ရှိရသဖြင့် ရွှေခနထွန်းလင်းသတ္တုတူးဖော်ရေးကုမ္ပဏီသို့ ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းမပြုရန်နှင့် ဆောက်ရွက်ပါက တည်ဆဲဥပဒေများအရ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေး ဥပဒေပုဒ်မ ၂၆ နဲ့ မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၃၀ ပုဒ်မခွဲ(က)တို့ဖြင့် တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရွှေကျင်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနက ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့ ရက်စွဲပါစာအမှတ်၊ ၅/၃-၂၄/ဦး ၆ နဲ့အသိပေးထားပါတယ်။

ကျွန်တော့်အား Power Point တင်ပြခွင့်ပြုပါ။ KNLA တပ်မဟာ(၇)ဌာနချုပ် ကရင် အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ရွှေခနထွန်းလင်း သတ္တုတူးဖော်ရေးကုမ္ပဏီ)ကနေပြီးတော့ ရွှေသတ္တုတူးဖော်ရေးလုပ်ငန်များဆောင်ရွက်ရန် ပြင်ဆင်နေမှုအပေါ် တားမြစ်ထားတဲ့အချိန်က စပြီးတော့ လုပ်ငန်းများကို ဆောင်ရွက်မှုမရှိကြောင်း သိရှိရပါတယ်။ ရွှေကျင်မြို့နယ်၊ မဒမချောင်း အတွင်း တည်ဆောက်ထားတဲ့ စက်ယန္တရားကြီးများ တပ်ဆင်ဆောက်လုပ်ထားတဲ့ ရေယာဉ်ကြီးများဟာ KNLA တပ်မဟာ(၇)ဌာနချုပ် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မဟာဗျူဟာမှူး ဗိုလ်မှူးကြီး စောဖေါဒိုရဲ့ ရွှေခနထွန်းလင်းသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်က မဒမမြစ်ကြောင်းရှင်းလင်းရေးနဲ့ သဲသောင် တူးဖော်ခြင်းဆောင်ရွက်ရာက ထွက်ရှိလာမယ့် သဲ၊ ကျောက်များနဲ့ ရွှေသတ္တုအချို့ကို ထုတ်လုပ်ဆယ်ယူခွင့်အတွက် အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနများကို တရားဝင်ခွင့်ပြုချက်လိုင်စင်ရရှိရေး တင်ပြ ထားကြောင်း သိရှိရပါတယ်။

အဲဒီအပြင် ၁-၅-၂၀၁၇ ရက်နေ့က ကျင်းပပြုလုပ်ခဲ့တဲ့ ရွှေကျင်မြို့၊ မဒမချောင်းရေစီးရေလာကောင်းမွန်ရေးဆွေးနွေးပွဲ မှတ်တမ်းများအရ KNLA တပ်မဟာ(၇)ဌာနချုပ် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ရွှေခနထွန်းလင်း သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်)က အန္တရာယ်ရှိမဒမမြစ်ကြောင်းတစ်လျှောက် မြစ်ကြောင်းရှင်းလင်းရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ အမှန်တကယ်လုပ်ကိုင်ဆောင်ရွက်မည်ဆိုပါက ဒေသခံပတ်ဝန်းကျင်ရှိ ပြည်သူများမှ ကန့်ကွက်ရန်မရှိကြောင်း သဘောထားထောက်ခံချက်များနှင့်အတူ တင်ပြထားပါကြောင်းနှင့် ရွှေကျင်မြို့နယ်၊ မဒမချောင်းအတွင်း KNLA တပ်မဟာ(၇)ဌာနချုပ် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(ရွှေခနထွန်းလင်းသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်)က စက်ယန္တရားကြီးများ တပ်ဆင်ဆောက်လုပ်နေမှုအပေါ် အကြောင်းကြားခဲ့တဲ့အချိန်ကစပြီး စောင့်ကြည့်စစ်ဆေးကြပ်မတ်လျက်ရှိပြီးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးစောသလေးစော(ရွှေကျင်မဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်ဆက်စပ်မေးခွန်းမေးမြန်းလိုတာက ဒီလို အခုက လုပ်ငန်းလုပ်ကိုင်ခွင့်ကို ပြန်တင်ထားတယ်ပေါ့။ ဒီလိုခွင့်ပြုချက်မရမီ ဆောက်လုပ်တဲ့အခါမှာ ဒီလိုမလိုလားအပ်တဲ့ ပြဿနာလေးတွေ၊ ဒီလိုလုပ်ငန်းရှင်ဘက်ကရော၊ ပြည်သူတွေဘက်ကရော ဒီလိုအခက်အခဲလေးတွေ ကြုံတွေ့ရပါတယ်။ အခုကတော့ ခွင့်ပြုချက်တင်ထားပြီ။ ခွင့်ပြုချက်ကျလာပြီဆိုလို့ရှိရင် တစ်မျိုးပေါ့လေ။ ခွင့်ပြုချက်မရမီကာလမှာကတည်းက လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ ဒါကို သက်ဆိုင်ရာအုပ်ချုပ်ရေးပိုင်းတွေရော တင်ပြပါတယ်။ ဒီလုပ်ငန်းက ရေယာဉ်သဘော်ကြီးက ပထမသဘော်ပေါ့လေ။ ကျွန်တော်ပြသလို ပထမသဘော်၊ ဒုတိယသဘော်ရှိတယ်။ ပထမသဘော်ကြီးဆောက်လုပ်စဉ်ကတည်းကနေပြီးမှ ခွင့်ပြုချက်ရဖို့အတွက်ကို ခွင့်ပြုချက်ရမှသာလျှင် လုပ်ဆောင်နိုင်ဖို့အတွက်ကို ကျွန်တော်တို့ပြောတယ်။ ဒီကာလအတွင်းမှာ နောက်ထပ်သဘော်ကြီးတစ်စင်း တည်ဆောက်တယ်။ အဲဒီတော့ ဒီကြားထဲမှာမှ ပြည်သူတွေနဲ့အရပ်ဘက်အဖွဲ့အစည်းတွေရဲ့ တင်ပြမှုကြောင့် လုပ်ငန်းတွေလည်း လွှတ်တော်ကိုယ်စားလှယ်တွေရဲ့တင်ပြချက်နဲ့ ခေတ္တရပ်ဆိုင်းထားတယ်။ သူက အဲဒီအခါမှာ လုပ်ငန်းရှင်တွေအတွက်လည်း အခက်အခဲဖြစ်တယ်။ ဆိုတော့ ဒီလိုခွင့်ပြုချက်မရမီကာလအတောအတွင်းထဲမှာ ဆောက်လုပ်ခွင့်ရှိပါသလားဆိုတာကို ကျွန်တော်က ရှင်းရှင်းလင်းလင်းလေး သိချင်ပါတယ်။ နောက်တစ်ချက်ကလည်း ဒီလိုလုပ်ငန်းလုပ်ဆောင်တဲ့အခါမှာ ခုနကပြောသလို မြစ်ကြောင်းရှင်းလင်းရေးတွေ၊ သဘာဝပတ်ဝန်းကျင်အတွက်ကို ပြန်လည်ပြုပြင်ထိန်းသိမ်းရေးတွေ လုပ်ဆောင်မယ်ဆို ကျွန်တော်တို့ကြုံဆိုရမယ့်အချက်ဖြစ်ပါတယ်။ အဲဒီလိုလုပ်ဆောင်တဲ့အခါမှာလည်း ကျွန်တော်တို့ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ကျွမ်းကျင်ပညာရှင်တွေနဲ့ သေချာစွာစိစစ်ထားပြီးတော့မှ ဒီဒေသခံတွေရဲ့ သဘောထားမှတ်ချက်တွေပါတဲ့ Assessments ကိုရော ယူပြီးတော့မှ ဆောင်ရွက်သွားဖို့အစီအစဉ်ရှိပါသလားဆိုတာကို သိချင်တဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်ဆက်စပ်မေးခွန်းမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လုပ်ငန်းသဘာဝအရကတော့ ခုနကလုပ်ငန်းမစမီမှာ တည်ဆောက်ရေးလုပ်ငန်းလုပ်တာကတော့ ဒါကတော့ တရားနည်းလမ်းမကျလှပါဘူး။ ဒါနဲ့ပတ်သက်လို့လည်းပဲ ကျွန်တော်သိရသလောက် ရွှေကျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကနေပြီးတော့ ခုနက KNLA တပ်မဟာ(၇)ဌာနချုပ်က ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်(ရွှေခနထွန်းလင်းသတ္တုတူးဖော်ရေးကုမ္ပဏီ)ကို သူတို့ဒါနဲ့ပတ်သက်လို့ နောက်ကျူးလွန်လို့ရှိရင် အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း စာပို့ထားကြောင်းသိရပါတယ်။ နောက် ခုနကပြောတဲ့ ဒေသခံများနဲ့ပတ်သက်ပြီးကတော့ အခုကတော့ ဒေသခံများကနေပြီးတော့ ဒါတွေသာအမှန်တကယ်သာ မြစ်ကြောင်းရှင်းလင်းရေးနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်မယ်ဆိုလို့ရှိရင်ကတော့ ကန့်ကွက်ဖို့မရှိပါကြောင်းကို တင်ပြထားကြောင်းကိုတော့ ကျွန်တော် အဲဒီလိုသိရှိရပါတယ်ခင်ဗျား။

**သစ်တောမြေများအတွင်း အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်နေသော လယ်မြေများအားဌာနမှ စွန့်လွှတ်ပေးရန်နှင့် သစ်တောဌာန၏ သီးနှံ၊ သစ်တော ရောနှောစိုက်ခင်းများ အောင်မြင်ရေး စီမံဆောင်ရွက်ထားသည့် အစီအစဉ်များ ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး(ကလေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးမင်္ဂလာပါ။ ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်မမေးမြန်းလိုတဲ့မေးခွန်းကတော့ သစ်တောမြေများအတွင်း အမှန်စိုက်ပျိုးလုပ်ကိုင်နေတဲ့ လယ်မြေများအား ဌာနမှစွန့်လွှတ်ပေးရန်နှင့် သစ်တောဌာန၏ သီးနှံ၊ သစ်တောရောနှောစိုက်ခင်းများအောင်မြင်ရေး မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့နိုင်ငံဟာ စိုက်ပျိုးရေးကိုအဓိကထားတဲ့နိုင်ငံဆိုတာကို အားလုံးသိပြီးလည်းဖြစ်ပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းအတွက် အဓိကအခြေခံလိုအပ်ချက်ဟာ စိုက်ပျိုးမြေဖြစ်ပါတယ်။ ကျွန်မတို့တိုင်းပြည်နဲ့ စိုက်ပျိုးမြေအနေအထားကို ကြည့်မယ်ဆိုရင် စုစုပေါင်းမြေဧရိယာ ဟတ်တာ ၆၇.၆၆ သန်း၊ ဧက ၁၇၁.၈၅ သန်း၊ အသားတင်စိုက်ဧက ဟတ်တာ ၁၀.၉၅ သန်း၊ ၃၀.၃၅ သန်းဧက၊ အသာတင်စိုက်ပျိုးမြေဧက ပါဝင်မှု ၁၇.၇ ရာခိုင်နှုန်း၊လယ်မြေဧရိယာဧက ၁၄.၈ သန်းရှိတာဖြစ်ပါတယ်။ ဒါဟာ အာဆီယံနိုင်ငံများအတွင်း ဆန်အများဆုံးတင်ပို့တဲ့ နိုင်ငံတွေထက် စိုက်ဧကနည်းပါးနေတာကို တွေ့ရမှာဖြစ်ပြီး။ အဲဒီနိုင်ငံတွေဟာ ကျွန်မတို့နိုင်ငံဧရိယာထက် ကျဉ်းမြောင်းကျတာကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံဟာ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်မှုအခြေအနေမြင့်မားလာတဲ့ ယခုနှစ်များအတွင်းမှာ စက်မှုလယ်ယာတို့ ထုံးစံအတိုင်း လယ်ယာလိုအပ်ချက်မြင့်မားလာတာနှင့်အညီ လုပ်ကွက်ငယ်လယ်သမားအချို့ဟာ မြေနေရာရွှေ့ပြောင်းမှုများလာခဲ့ပါတယ်။ လက်လွှတ်ခဲ့ရတဲ့ လယ်သမားအချို့ဟာ ယင်းအစားပြန်ရဖို့အတွက် နီးစပ်ရာတောစပ်များမှာ

ဓမ္မဦးချလယ်ယာမြေများ ဖော်ထုတ်ပြီး ရပ်တည်ကြရပါတယ်။ ဒါကြောင့်လည်း အသားတင်စိုက်ဧက ကျဆင်းမသွားတာလို့ယုံကြည်ကြရပါတယ်။ ဒီနေရာမှာ အခက်အခဲဖြစ်ရတာက လယ်ယာမြေတွေကို ယင်းအစားပြန်ရဖို့ လယ်သစ်တည်ရတဲ့ တောင်သူများဟာ သစ်တောဌာနပိုင်ကြိုးဝိုင်းများအတွင်း ကျရောက်သွားကြရတာ ဖြစ်ပါတယ်။ သစ်တောဌာနအနေနဲ့လည်း ကြိုးဝိုင်းများကို လယ်မြေမဖြစ်ခင်ကတည်းက တိုင်းတာသတ်မှတ်ခဲ့ကြပေမဲ့ အကြောင်းအမျိုးမျိုးကြောင့် ထိန်းချုပ်ဟန့်တားဖို့ နှောင့်နှေးခဲ့ရပါတယ်။ ဒါကိုဖြေရှင်းနိုင်ဖို့အတွက် ၂၀၁၃ ခုနှစ်မှာ ကြိုဝိုင်းများအတွင်းရှိနေကြတဲ့ လယ်မြေများကို ဌာနက အချက်အလက်များကောက်ယူပြီး စွန့်လွှတ်ပေးခဲ့ကြောင်း သိခဲ့ပေမဲ့ အောင်မြင်မှုနည်းခဲ့ရပါတယ်။ ဒီလိုအောင်မြင်မှုနည်းခဲ့ရတာဟာ သစ်တောဌာနရဲ့အားနည်းချက်တစ်ခုပဲ မဟုတ်ဘဲနဲ့ ဝင်ရောက်စိုက်ပျိုးသူတစ်ချို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုအားနည်းချက်များလည်း ပါဝင်နေကြောင်း ကျွန်မတို့ တွေ့ရှိရပါတယ်။ ပြောရမယ်ဆိုလို့ရှိရင် ဌာနကအချက်အလက်ကောက်ယူစဉ်က တစ်ချို့တောင်သူများဟာ အမှန်တကယ် လယ်အဖြစ်စိုက်ပျိုးနေကြသော်လည်း ယာမြေဖြစ်ကြောင်း တင်ပြခဲ့တာရှိသလို ၂၀၁၃ ခုနှစ်က ယာမြေများဟာလည်း ယခုအချိန်မှာ လယ်မြေများအဖြစ် တိုးတက်လာတာလည်းရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ တစ်နိုင်ငံလုံးရဲ့အတိုင်းအတာနှင့် သစ်တောမြေအတွင်း ဝင်ရောက်စိုက်ပျိုးနေတဲ့ဧကပေါင်းမည်မျှရှိသည်ကို မခန့်မှန်း၊ မတွက်ချက်နိုင်ပေမဲ့ ကျွန်မရဲ့မဲဆန္ဒနယ်အတွင်းမှာတော့ သစ်တောမြေအတွင်းဝင်ရောက်စိုက်ပျိုးနေတဲ့ ဧကပေါင်းဟာ ၁၀၀၀၀ ထက်မနည်းရှိတယ်ဆိုတာကို လူထုတွေ့ဆုံပွဲများတွင် တောင်သူများရဲ့ တင်ပြချက်အရ အကြမ်းဖျင်းသိရပါတယ်ရှင့်။ ဒီနေရာမှာ ကျွန်မလေ့လာဆည်းပူးထားတဲ့ ဗဟုသုတနဲ့ယှဉ်ပြောရရင် သစ်တောဌာနရဲ့အခြေခံမူဝါဒထဲမှာ တစ်ခုဖြစ်တဲ့ နိုင်ငံဧရိယာရဲ့ ၃၀ ရာခိုင်နှုန်းကျော်ကို သစ်တောများအစဉ်ထာဝရ ဖုံးလွှမ်းရေးဆိုတာကို ထိန်းထားနိုင်ဖို့အတွက် အပတ်တကုတ်ကြိုးပမ်းဆောင်ရွက်နေတဲ့အထဲမှာ ကြိုဝိုင်းအတွင်းစိုက်ပျိုးနေတဲ့ တောင်သူများကို မြေယာမဆုံးရှုံးစေဘဲ စဉ်ဆက်မပြတ်စိုက်ပျိုးနိုင်တဲ့ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းများကို ဌာနရည်မှန်းချက်အောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်နေတာကိုသိရလို့ တောင်သူများကိုယ်စား ကျေးဇူးတင်ပါတယ်။

သို့သော်လည်း ရည်ရွယ်ချက်ဟာ ယာစိုက်ခင်းများအတွက် အဆင်ပြေနေပေမဲ့ ၂၀၁၃ ခုနှစ်စာရင်းကောက်ယူရာမှာ အကြောင်းအမျိုးမျိုးကြောင့် ယခုလက်ရှိမြေပြင်မှာ လယ်မြေအဖြစ်စာရင်းမပေါက်တဲ့လယ်မြေများနဲ့ နောက်ပိုင်းမှာ မြေအမျိုးအစား တိုးတက်လာတဲ့ လယ်မြေများအတွက်ကတော့ သီးနှံရောနှောစိုက်ပျိုးရေးစနစ်ဟာ လယ်မြေရဲ့သဘောသဘာဝအရ သဟဇာတမဖြစ်ဘူးလို့မြင်ပါတယ်။ တောင်သူလယ်သမားများအနေဖြင့်လည်း မိမိလယ်ယာမြေများ တည်တံ့ရေးအတွက် အထွက်နှုန်းတိုးတက်ရန်အတွက် သွင်းအားစုများကို ဖြည့်ဆည်းရန်လိုအပ်တဲ့အတွက် နိုင်ငံတော်ရဲ့ တရားဝင်အသိအမှတ်ပြုမှုဟာ အရေးတကြီးလိုအပ်နေပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် နိုင်ငံတော်အစိုးရသို့ မေးမြန်းလိုတာဟာ သစ်တောမြေများအတွင်း အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်ခဲ့တဲ့ လယ်မြေများအားဌာနမှ စွန့်လွှတ်ပေးရန်ရှိ/မရှိနှင့် သစ်တောဌာနရဲ့ သီးနှံ၊ သစ်တောရောနှောစိုက်ခင်းများအောင်မြင်ရေး မည်သို့စီမံဆောင်ရွက်ထားရှိသည်ကို သိရှိလိုကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်မမေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီးရဲ့ သစ်တောမြေအတွင်း အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်နေသော လယ်မြေများအား ဌာနကစွန့်လွှတ်ပေးရန်နှင့် သစ်တောဌာန၏ သီးနှံ၊ သစ်တောရောနှောစိုက်ခင်းများ အောင်မြင်ရေး စီမံဆောင်ရွက်ထားသည့် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပထမပိုင်းအနေနဲ့ သစ်တောမြေအတွင်းမှာ အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်နေတဲ့ လယ်မြေများကို ဌာနကစွန့်လွှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်ပြီးတော့ နိုင်ငံတော်သမ္မတရုံးရဲ့ ၁၁-၁-၂၀၁၃ ရက်စွဲပါစာအရ ကျွန်တော်တို့ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကနေပြီးတော့ ကြိုးဝိုင်းနှင့်ကြိုးပြင်ကာကွယ်တောများ၊ သစ်တောနယ်မြေအတွင်းမှာ နှစ်ကာလအတိုင်းအတာတစ်ခုအထိ ကျူးကျော်အခြေချနေတဲ့ ရွာစုနှင့်အိမ်ထောင်စုများကို သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးရန် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနတို့က ပူးပေါင်းပြီးတော့ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာရှိတဲ့ မြေပြင်စာရင်းကောက်ယူခြင်းကို ကြီးကြပ်မှုကော်မတီအဆင့်ဆင့်ကနေပြီးတော့ ၂၀-၂-၂၀၁၃ ရက်နေ့မှ ၂၅-၃-၂၀၁၃ ရက်နေ့အထိ ဆောင်ရွက်ခဲ့ပါတယ်။

ကျွန်တော်အား Power Point တင်ပြခွင့်ပြုပါခင်ဗျား။ ကောက်ယူခဲ့တဲ့ လုပ်ငန်းအဆင့်ဆင့်ကတော့ (၄)ရပ်ရှိပါတယ်။ (၁)ကတော့ အိမ်ခြေ ၅၀ နှင့်အထက် ပြည်ထဲရေးအမည်ပေါက်ရွာများ၊ (၂)ကတော့ အိမ်ခြေ ၅၀ နှင့်အထက် ပြည်ထဲရေးအမည်မပေါက်ရွာများရဲ့ ရွာမြေ၊ လယ်မြေ၊ သာသနာပိုင်မြေ/ အများပိုင်မြေများကို သစ်တောနယ်မြေအဖြစ်မှ ပယ်ဖျက်ခြင်း၊ (၃)ကတော့ အိမ်ခြေ ၅၀ အောက် ပြည်ထဲရေးအမည်ပေါက် ကျေးရွာများနှင့် အမည်မပေါက်သော်လည်းပဲ အခိုင်အမာတည်ဆောက်ပြီးဖြစ်တဲ့ ကျေးရွာများအတွက် ခုနက ကျွန်တော်ပြောသလိုပါပဲ ရွာမြေ၊ လယ်မြေ၊ သာသနာပိုင်မြေ/ အများပိုင်မြေများကို ပယ်ဖျက်ပေးခြင်း၊ (၄)ကတော့ အိမ်ခြေ ၅၀ အောက်မှာ ပြန့်ကျဲနေတဲ့ အိမ်ထောင်စုများမှ ပြင်ပမှကျူးကျော်ဝင်ရောက်နေတဲ့ လယ်ယာမြေများကို စိစစ်ပြီးတော့ ဖွဲ့စည်းနေရာချထားပေးခြင်းနှင့် သစ်တောနယ်မြေအဖြစ်မှ ပယ်ဖျက်ခြင်းဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်ခုနက တင်ပြတဲ့ ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်အနေနဲ့ အားလုံးပယ်ဖျက်ပေးပြီးတဲ့ လယ်မြေဧကပေါင်းကတော့ ၄၁၉၈၆၅.၂၄ ဧက ဖြစ်ပါတယ်။

အဲဒီပယ်ဖျက်ပြီးတဲ့ လုပ်ငန်းရဲ့ ခုနက ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ အဓိကကတော့ လုပ်ငန်းစဉ်(၄)ဖြစ်ပါတယ်။ ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများမှာ နှစ်ကာလအတိုင်းအတာ

အထိ တရားမဝင်ကျူးကျော်နေထိုင်တဲ့ အိမ်ခြေ ၅ဝ အောက် ပြန့်ကျဲနေတဲ့ အိမ်ခြေများအတွက် ကျေးရွာသစ်များ ဖွဲ့စည်းနေရာချထားခြင်းလုပ်ငန်းစဉ်များကို သက်ဆိုင်ရာ မြို့နယ်၊ ကျေးရွာများရဲ့ မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းနှင့်အညီ အချိန်ယူစိစစ်ပြီးတော့ ဆက်စပ်ဝန်ကြီးများ၊ ဌာနများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် ပူပေါင်းပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ခုနက ကိုယ်စားလှယ်တော်ကြီး တင်ပြသလိုပါပဲ ကျွန်တော်တို့မှာလည်းပဲ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့ ပဲရစ်မြို့မှာ ကတိပြုထားတဲ့အတိုင်း နိုင်ငံမြေရဲ့ ၃၀ ရာခိုင်နှုန်းကိုတော့ သစ်တောကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တော၊ ၁၀ ရာခိုင်နှုန်းကိုတော့ သဘာဝနယ်မြေ ဖွဲ့ရပါမယ်။ လောလောဆယ်အားဖြင့် ကြိုးဝိုင်း/ကြိုးပြင်နှင့် ကြိုးပြင်ကာကွယ်တောနှင့်သဘာဝနယ်မြေ စုစုပေါင်းဟာ ၃၀ ရာခိုင်နှုန်းပဲရှိပါသေးတယ်။ တစ်နည်းအားဖြင့် ၁၀ ရာခိုင်နှုန်းဖွဲ့ရန် ကျန်ပါသေးတယ်။ ၁၀ ရာခိုင်နှုန်း ဆိုတော့ မြန်မာပြည်ရဲ့ သူ့ရဲ့ဧရိယာနဲ့တွက်လို့ရှိရင် ၁၆.၇ သန်းကို ကျွန်တော်တို့ ၂၀၃၀ ခုနှစ်မှာ ဖွဲ့ရမှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ တစ်ဖက်ကလည်းပဲ ခုနက တင်ပြထားတဲ့လုပ်ငန်းစဉ် (ဃ)မှာပါတဲ့ အိမ်ခြေ ၅၀ အောက်ပြန့်ကျဲအိမ်ထောင်စုများအနက် ပြင်ပကကျူးကျော်ဝင်ရောက်လာတဲ့ ကော်မတီများကို စိစစ်ရန်အတွက် ကျွန်တော်တို့အားလုံး ၂၀၁၃ စာရင်းဇယားများအရဆိုရင် တစ်နိုင်ငံလုံးမှာ လယ်မြေ ဧက စုစုပေါင်း ၂၀၀၀၀၀ နီးပါးကို ကျွန်တော်တို့ ပယ်ဖျက်ပေးရမှာဖြစ်ပါတယ်။ အဲဒီစာရင်းများအရ ဆောင်ရွက်ပေးရန် အချိန်ကျလာတဲ့အခါမှာ အထက်ဖော်ပြပါ ဧက ၂၀၀၀၀၀ နီးပါးကို ပယ်ဖျက်ပေးမည်ဖြစ်ပါကြောင်းနှင့် အဲဒီကာလတုန်းက စာရင်းကောက်ယူရာမှာ မပါဝင်ပါက ပယ်ဖျက်ခွင့်ပြုရေးကိုတော့ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒုတိယပိုင်းအနေနဲ့ ကိုယ်စားလှယ်ကြီးမေးထားတဲ့ သစ်တောဌာနရဲ့ သီးနှံသစ်တောရောနှောစိုက်ခင်းများ အောင်မြင်ရေးစီမံဆောင်ရွက်ထားတဲ့ အစီအစဉ်နဲ့ပတ်သက်လို့ ကျွန်တော် ဆက်လက်ဖြေကြားသွားပါမယ်။ ကျွန်တော်တို့ သီးနှံသစ်တောစိုက်ပျိုးရေးလုပ်ငန်းများကို ၂၀၁၃ ခုနှစ် စာရင်းများအရ ၂၀၁၇ ခုနှစ် ဇူလိုင်လကုန်အထိဆိုလို့ရှိရင် စုစုပေါင်း အိမ်ခြေ ၅၀ နှင့်အထက်မှာဆိုလို့ရှိရင် ကျေးရွာဧရိယာရဲ့ ၁၅၁၁၆၂ ဧကကိုတော့ CF အဖြစ် လက်မှတ်ထုတ်ပေးပြီး ဖြစ်ပါတယ်။ ကျန်ရှိသေးတဲ့ ၇၁၃၇၅ ဧကကိုတော့ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောဆောင်ရွက်ခွင့်လက်မှတ်ရရှိရန် စီစဉ်ဆောင်ရွက်နေဆဲဖြစ်ပါတယ်။ အဲဒီနည်းတူပဲ ကျန်တဲ့ယာမြေကတော့ ၆၂၉၃၄၁ ဧကဖြစ်ပါတယ်။ ဒါကိုတော့ ကျွန်တော်တို့ အခုဆောင်ရွက်နေတဲ့ ၂၀၁၇-၂၀၁၈ ကနေပြီးတော့ ၂၀၂၆-၂၀၂၇ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းအစီအစဉ်နဲ့ သီးနှံသစ်တောစိုက်ပျိုးခြင်းနည်းစနစ်များကို ဒေသခံအစုအဖွဲ့ပိုင်သစ်တောများလုပ်ငန်းမှာ ကျွန်တော်တို့ ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ ဆောင်ရွက်ခြင်းကိုတော့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့်အတူ ပြည်တွင်း/ပြည်ပမှာရှိတဲ့ NGO များ၊ INGO များနှင့် ပူးပေါင်းဆောင်ရွက်နေပါတယ်။ အဲဒီကနေပြီး ဖွဲ့စည်းထားတဲ့ အမျိုးသားအဆင့်ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(Community Forestry National Working Group-CFNWG)နဲ့ သစ်တောဦးစီးဌာနက ဖွဲ့စည်းထားတဲ့ CF Unit

(Community Forestry Unit) များကို နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပေါင်းစပ်ပြီးတော့ ကျွန်တော်တို့ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းနည်းစနစ်နဲ့ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းဆောင်ရွက်ခြင်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

သစ်တောဦးစီးဌာနကနေပြီးတော့ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းစနစ်ကို ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများ ဆောင်ရွက်ခြင်း အောင်မြင်ဖို့အတွက် ကျွန်တော်တို့က နှစ်စဉ် ပျိုးပင် များကို အခမဲ့ဖြန့်ဝေပေးပါတယ်။ စိုက်ပျိုးနည်းစနစ်များကိုလည်း ကူညီပံ့ပိုးပေးပါတယ်။ ဒီအတိုင်းပဲ CF အဖွဲ့မှာပါတဲ့ Unit များကနေပြီးတော့ လစဉ်ပုံမှန်စစ်ဆေးပါတယ်။ နှစ်စဉ်ဆောင်ရွက်တဲ့လုပ်ငန်း တိုးတက်မှုများကိုလည်းပဲ နှစ်စဉ်သုံးသပ်ပါတယ်။ သုံးသပ်ပြီးတဲ့အခါမှာ အခါအားလျော်စွာ အလုပ်ရုံ ဆွေးနွေးပွဲများကို ကျင်းပပြီးတော့ အလုပ်ရုံဆွေးနွေးပွဲများမှာ အားနည်းချက်/အားသာချက်များကို လည်းပဲ ဖော်ထုတ်ပြီးတော့ အကြံဉာဏ်ပြုခြင်းများကိုလည်း ဆောင်ရွက်ပါတယ်။ သီးနှံသစ်တော ရောနှောစိုက်ပျိုးလို့ အောင်မြင်တဲ့ဒေသခံအစုအဖွဲ့များကို မအောင်မြင်တဲ့ တစ်နည်းအားဖြင့် ဆက်လက်ဆောင်ရွက်နေဆဲ အဖွဲ့အစည်းများက လေ့လာခြင်းများကိုလည်းပဲ ဆောင်ရွက်လျက် ရှိပါတယ်။ ဒါကြောင့်မို့ အထက်ဖော်ပြပါနည်းလမ်းများနှင့် အစုအဖွဲ့ပိုင်သစ်တောများအောင်မြင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ပေါင်မြို့နယ်၊ ဥတ္တံ့တားကျေးရွာရှိ Long Life Aggregate Mining Co.Ltd သည် ဒေသခံပြည်သူ များ၏ အသက်၊ အိုးအိမ်လုပ်ငန်းများ ထိခိုက်နေသောကြောင့် ဖျက်သိမ်းပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်မိကွန်ချမ်း(ပေါင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော် များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ မွန်ပြည်နယ်၊ ပေါင်မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်းဖြစ်ပါတယ်။ ကျွန်မမေးလိုတဲ့မေးခွန်းကတော့ ပေါင်မြို့နယ် ဥတ္တံ့တားကျေးရွာရှိ Long Life Aggregate Mining Co.,Ltd သည် ဒေသခံပြည်သူ များ၏ အသက်၊ အိုးအိမ်လုပ်ငန်းများကို ထိခိုက်နေတဲ့အတွက်ကြောင့် ကျောက်မိုင်းထုတ်လုပ်နေခြင်း ကို ဖျက်သိမ်းပေးနိုင်ခြင်းရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းလိုပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ပေါင်မြို့နယ်မှာဆိုရင် လမ်းခင်းကျောက်ထုတ်လုပ်တဲ့ကျောက်မိုင်း ပေါင်း ၂၈ မိုင်းခွင့်ပြုထားပါတယ်။ အဲဒီထဲမှာ နှစ်ရှည်စီမံကိန်းအနေနဲ့ အနှစ် ၃၀ ထုတ်လုပ်ခွင့်ပြု ထားတဲ့ကျောက်မိုင်းလေးမိုင်းရှိပြီးတော့ ကျန်တဲ့ကျောက်မိုင်းကတော့ တစ်နှစ်တစ်ခါကျွန်မတို့လုပ်ပိုင် ခွင့်ပြုထားပါတယ်။ အချို့ဆိုရင် လူနေအိမ်တွေနဲ့ဝေးကွာနေပေမဲ့လည်း အချို့ကျတော့ ကျေးရွာအနီး အနားမှာတည်ရှိပါတယ်။ Power Point အသုံးပြုခွင့်ပေးပါရှင်။ ဒါကတော့ ကျွန်မတို့ ဥတ္တံ့တား ကျေးရွာအနီးမှာရှိတဲ့ အပေါ်ဘက်မှာဆိုရင် ပေ ၃၀၀၀ အမြင့်မှာဆိုရင် အလွန်မတ်စောက်ပြီးတော့ ဘေးနှစ်ဖက်မှာ တောင်ကျချောင်းနှစ်ခု တည်ရှိနေပါတယ်။ အရင်အစိုးရလက်ထက်မှာ အများပြည်သူ

ကန့်ကွက်တဲ့ကြားကနေပြီးတော့ Long Life Aggregate Mining Co.,Ltd ကို ကျောက်မိုင်း ထုတ်လုပ်ဖို့အတွက် မြေဧက ၂၂၅ ဧက အကျယ်အဝန်းကိုပေးထားပါတယ်။ အောက်ခြေမှာတော့ လူနေအိမ်ခြေ ၁၃၀၀ နေထိုင်နေပါတယ်။ ဒါကျောက်မိုင်းထုတ်လုပ်ခြင်းကြောင့် ကျေးရွာပတ်ဝန်းကျင် တွေဆိုးရွားစွာပျက်စီးလာပြီး ရေအရင်းအမြစ်တွေလည်း ပျောက်ဆုံးတဲ့အတွက်ကြောင့် ကျေးရွာ ပြည်သူတွေမှာ သောက်သုံးရေအခက်အခဲတွေ ဖြစ်ခဲ့ရပါတယ်။ ဥယျာဉ်ခြံနဲ့လယ်ယာတွေမှာလည်း သဲနုန်းတွေဖုန်းလွှမ်းတဲ့အတွက်ကြောင့် စိုက်ပျိုးလို့မရပါဘူး။ လယ်ပျက်၊ ခြံပျက်ဘဝနဲ့လည်း ကြုံတွေ့ နေရပါတယ်။ နွေရာသီမှာဆိုရင် ရေအရင်းအမြစ်တွေပျောက်ဆုံးတဲ့အတွက်ကြောင့် စမ်းချောင်းရေ တွေခန်းခြောက်ပြီး ရေအခက်အခဲတွေလည်း ကြုံတွေ့နေရတယ်။ မိုးရာသီရောက်တဲ့အခါမှာ သဲနုန်း တွေအနည်ထိုင်ကျရောက်တဲ့အတွက်ကြောင့် ချောင်းမြောင်းတွေကောပြီး ရေကြီးရေလျှံခြင်းနဲ့လည်း ကြုံတွေ့နေရပါတယ်။ ကျွန်မတို့ ဒါဟာ ကျောက်မိုင်းဆင်းလာတဲ့ သဲနုန်းတွေရေစီးတဲ့အတွက် လမ်းပေါ်မှာ ရေတွေလျှံတဲ့ပုံပါ။ ဒါကတော့ အခွန်အခပေါ့။ ကျွန်မတို့ ကျောက်မိုင်းတွေမှာရရှိတဲ့ အခွန်အခ တစ်နှစ်လုံးမှာမှ ဒီ ၂၀၁၆-၂၀၁၇ အတွက်ဆိုရင် ကျွန်မတို့ မိုင်းတွေအားလုံး ၁၆ မိုင်းမှာ သိန်း ၈၀၀ ကျော်ပဲ ကျွန်မတို့ ရရှိပါတယ်။ ဒီ Long Life Aggregate Mining Co.,Ltd ဆိုရင် ကြိုတင်ငွေ ၂၅ သိန်းပဲပေးသွင်းထားပါတယ်။ ဝင်ငွေခွန်မရှိသေးပါဘူး။ ကျေးဇူးတင်ပါတယ်။

ကျွန်မတို့ ပထဝီအနေအထားကြည့်မယ်ဆိုရင် ဒီတောင်ထိပ်ကနေ ကျောက်မိုင်းထုတ်လုပ်နေတဲ့ အတွက်ကြောင့် တောင်အောက်ခြေကျေးရွာတွေမှာ ကျောက်မိုင်းဖောက်ခွဲတဲ့အခါမှာ မိုင်းတွေဟာ နှစ်မိုင်ပတ်ဝန်းကျင်မှာရှိတဲ့ ပြည်သူတွေအတွက်ဟာ တုန်ခါတဲ့အသံကြောင့် ထိတ်လန့်စွာနေထိုင်ရ တယ်။ မသမာသူအဖွဲ့ကသမားများလက်ထက်တို့ ဒီသိုလှောင်ထားတဲ့ ခဲယမ်းပစ္စည်းတွေရောက်ရှိခဲ့ပါ က မလိုလားအပ်တဲ့ဆိုးကျိုးတွေ၊ ဥပမာ-တောင်ပြိုတာတို့၊ မြေပြိုတာတို့ ဖြစ်ပေါ်မည်ကိုလည်း ပြည်သူ တွေအနေနဲ့ စိုးရိမ်နေရပါတယ်။ ပစ်ရမည့်ယမ်းများအသုံးပြုဖောက်ခွဲတဲ့အတွက်ကြောင့် ဂေဟစနစ် တွေလည်းပျက်စီးပြီး သဘာဝပတ်ဝန်းကျင်တွေဆိုးရွားစွာထိခိုက်မှုတွေ ဖြစ်ပေါ်နေပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ အခွန်အခအနေနဲ့ကြည့်မယ်ဆိုရင် နိုင်ငံတော်အတွက်အခွန်အခအနည်းငယ် သာရရှိမယ်။ ရတာနဲ့ပေးဆပ်ရတဲ့ပြည်သူလူထုရဲ့ထိခိုက်နစ်နာမှုက တန်ရဲ့လားဆိုတာကိုလည်း ပြန်လည်သုံးသပ်ဖို့လိုအပ်ပါတယ်။ ဒေသခံပြည်သူများမကျေနပ်တဲ့အတွက် သုံးကြိမ်တိုင်အောင် ဆန္ဒ ပြမှုအပေါ်မှာလည်း အလေးထားမှုမရှိခဲ့ပါဘူး။ ကန့်ကွက်ဆန္ဒပြတဲ့ပြည်သူတစ်ယောက်ကိုတောင် ထောင်သုံးနှစ်ချလိုက်သေးပါတယ်။ ထို့ကြောင့် လုပ်ခွင့်လိုင်စင်ကို ဆက်လက်ခွင့်ပြုနေခြင်းသည် ဥပဒေနှင့်ညီညွတ်မှုရှိ/မရှိ စိစစ်ပေးရန်နဲ့ ပြည်သူများမလိုလားအပ်တဲ့ ကျောက်မိုင်းထုတ်လုပ်နေမှုကို ဖျက်သိမ်းပေးနိုင်ခြင်းအစီအစဉ်ရှိ/မရှိ၊ ရှိမည်ဆိုလျှင် မည်သည့်အချိန်တွင် ပြုလုပ်ပေးမည်၊ မရှိလျှင် အဘယ့်ကြောင့်ဆိုသည်ကို ပြည်သူများမှ သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါ တယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ မွန်ပြည်နယ်၊ ပေါင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်းရဲ့ ပေါင်မြို့နယ်၊ ဥတ္တံတားကျေးရွာရှိ Long Life Aggregate Mining Co.,Ltd သည် ဒေသခံပြည်သူများ၏ အသက်၊ အိုးအိမ် လုပ်ငန်းများ ထိခိုက်နေသောကြောင့် ဖျက်သိမ်းပေးနိုင်ခြင်းရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီး ကျွန်တော် မွန်ပြည်နယ်အစိုးရအဖွဲ့နှင့်ပေါင်းစပ်ပြီးတော့ အပိုင်းသုံးပိုင်းနဲ့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်အား အချိန်အနည်းငယ်ပိုပြောခွင့်ပြုပါရန် လေးစားစွာတောင်းခံအပ်ပါတယ်။ Power Point တင်ပြခွင့်ပြုပါခင်ဗျား။

ပထမပိုင်းအနေနဲ့၊ စာချုပ်များချုပ်ဆိုတဲ့အနေနဲ့ အခွန်တော်ရရှိမှုအပိုင်းကို ကျွန်တော် တင်ပြသွားပါမယ်။ ခုနက ဒေါ်မိကွန်ချမ်းတင်ပြတဲ့အတိုင်းပါပဲ။ ကျွန်တော်တို့ ဒီဧရိယာအဖြစ်၊ တည်နေရာအဖြစ် ကြိုးဝိုင်းထဲမှာ ပေါင်မြို့နယ်၊ ကုလားမတောင်ကြိုးဝိုင်း အကွက်အမှတ်(၄၇)မှာ ရှိပါတယ်။ ကျောက်ထုတ်နေတဲ့ဧရိယာဟာ မှန်ပါတယ်။ အမြင့်ဆုံးတောင်က ကုလားမတောင်ရဲ့ အမြင့်ဆုံးက ပေ ၃၀၂၂ ပေရှိပါတယ်။ ဒီကျောက်ထုတ်နေတဲ့ကုမ္ပဏီကတော့ တောင်ခြေကနေ စတင်မထုတ်ဘဲနဲ့ သူကတော့ အမြင့်ပေ ၁၅၀၀ ခန့်ကနေပြီးတော့ တောင်အလယ်ပိုင်းကစတင်ပြီး တော့ ထုတ်လုပ်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ မူလတုန်းကတော့ ဒီကုမ္ပဏီရဲ့အမည်က ပစိဖိတ် ညီအစ်ကို သတ္တုတူးဖော်ရေးကုမ္ပဏီဖြစ်ပါတယ်။ နောက်မှ ၂၀၁၄ ခုနှစ်မှာ နာမည်ပြောင်းသွားခြင်း ဖြစ်ပါတယ်။ အဲဒီအမည်ပြောင်းလဲပြီးတော့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ၁၁-၁၁-၂၀၁၅ ခွင့်ပြုချက်အရ သစ်တောနယ်မြေအတွင်းမှာ နှစ်ပေါင်း ၃၀ ကို စည်းကမ်းချက် ၁၉ ချက်နဲ့ သစ်တော ဦးစီးဌာနမှာ စာချုပ်ချုပ်ဆိုခဲ့ပါတယ်။ မွန်ပြည်နယ် သစ်တောဦးစီးဌာနနှင့် ကုမ္ပဏီတို့အကြား တစ်နှစ် ချင်း စာချုပ်ချုပ်ဆိုခဲ့ပါတယ်။ စာချုပ်ချုပ်ဆိုရာမှာလည်းပဲ ၂၀၁၇-၂၀၁၈ ခုနှစ်ကစပြီးတော့ မွန်ပြည်နယ်အစိုးရထံ သဘောထားမှတ်ချက်တောင်းခံရပါတယ်။ သဘောထားမှတ်ချက် ခွင့်ပြုချက်ရ မှသာလျှင် ကျွန်တော်တို့ သက်တမ်းတိုးစဉ်းစားခြင်းဖြစ်ပါတယ်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ကျောက်ထုတ်လုပ်မှုလိုင်စင်နှင့် ပတ်သက်ပြီးတော့ သက်တမ်းတိုးခွင့်ကို MIC ကနေပြီးတော့ ပြည်နယ်အစိုးရသဘောထားထားရှိမှု၊ တတိယအဖွဲ့အစည်း များရဲ့(EIA, SIA)ဆန်းစစ်ချက်ခံယူမှု၊ ဆန်းစစ်ချက်များအရ(EMP)ရေးဆွဲပြီး အကောင်အထည်ဖော် နေမှု၊ မိုင်းနှင့်ပတ်သက်ပြီးတော့ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်နှင့်အညီ လိုက်နာမှုတို့အရ ၁၀ နှစ်သက်တမ်း ပြင်ဆင်ထုတ်ပေးပါရန် လျှောက်ထားတဲ့ ဒီကုမ္ပဏီကို မွန်ပြည်နယ်အစိုးရရဲ့ စိစစ်ချက်နဲ့ မြေနှင့်အခွန်တော်နည်းဥပဒေ ၁၀၇(ဃဃ)အရ သက်တမ်းတစ်နှစ်လိုင်စင်အစား ၁၀ နှစ်လိုင်စင် ပြင်ဆင်ထုတ်ပေးပါရန် မွန်ပြည်နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ၂၃-၃-၂၀၁၇ ရက်စွဲပါစာဖြင့် အကြောင်းကြားချက်အရ တစ်နှစ်လျှင် လမ်းခင်းကျောက်ကျင်းပေါင်း ၃၂၀၀၀ ကို တစ်ကျင်းလျှင် ဓာတ်သတ္တုခွန်(Royalty) ၂၅၀၀ နှုန်းဖြင့် နှစ်စဉ်ပေးသွင်းပြီးတော့ ၁-၇-၂၀၁၆ ရက်နေ့ကနေပြီးတော့ ၃၀-၆-၂၀၂၆ ရက်နေ့အထိ လမ်းခင်းကျောက်ထုတ်လုပ်ခွင့် ၁၀ နှစ် လိုင်စင်ကို ပြင်ဆင်ထုတ်ပေးပါကြောင်း သထုံခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ၁၀-၄-၂၀၁၇ စာအရ ထုတ်ပေးတာကို တွေ့ရှိရပါတယ်။

ကျောက်ထုတ်လုပ်ခြင်းအတွက် နိုင်ငံတော်အခွန်တော်ငွေ(Royalty)၊ လုပ်ငန်းအာမခံငွေ၊ မြေငှားရမ်းခ၊ ကုန်သွယ်ခွန်ပေးဆောင်မှုအခြေအနေကို ကျွန်တော် Power Point ဖြင့် တင်ပြထားပါတယ်။ ကျွန်တော်တို့ကျင်းပေါင်း ၃၂၀၀၀ အတွက်ကိုတော့ အခွန်တော်ငွေ သိန်း ၈၀၀ တိတိကို ထည့်သွင်းပေးရန် စီစဉ်နေကြောင်း သိရပါတယ်။ လမ်းခင်းကျောက်ထုတ်လုပ်မှုအပေါ်မှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကနေပြီးတော့ အမိန့်ကြော်ငြာစာအရ ခတ်သတ္တုခွန်အဖြစ် တစ်ကျင်းကို ၂၅၀၀ ကျပ်နှုန်းဖြင့် ကောက်ခံလျက်ရှိပါတယ်။ ထို့အပြင် သစ်တောနယ်မြေအတွင်းမှာ ကျရောက်ပါက သစ်တောမြေငှားရမ်းခစာချုပ်ပါစည်းကမ်းအရ ဒေသပေါက်စျေးရဲ့ ၂၅ ရာခိုင်နှုန်းကို သစ်တောဦးစီးဌာနသို့ အခွန်တော်အဖြစ် ထပ်မံပေးသွင်းရမှာ ဖြစ်ပါတယ်။

အခွန်တော်ပေးသွင်းပြီးတော့ ထုတ်လုပ်ထားတဲ့ကျောက်များကို ရောင်းချရန်အတွက် အကြီးဆုံး (၆x၉) ခြောက်လက်မ၊ ကိုးလက်မကျောက်အပေါ်မှာတော့ ကျွန်တော်တို့ သစ်တောဦးစီးဌာနကနေပြီးတော့ အခွန်တော် ၂၅ ရာခိုင်နှုန်းကောက်ခံလျက်ရှိပါတယ်။ ကုန်ကြမ်းထုတ်လုပ်မှုအပေါ်မှာ ဒီစျေးကွက်အပေါ်မှာမူတည်ပြီးတော့ စျေးနှုန်းပြောင်းလဲမှုများအတွက် ပြည်တွင်းအခွန်တော် ဦးစီးဌာနကနေပြီးတော့ ကုမ္ပဏီရဲ့စီးပွားဖြစ်မှုအပေါ်မူတည်ပြီး အမြတ်တော်ခွန်ကို ထပ်မံကောက်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကိုယ်စားလှယ်တော်ကြီးတင်ပြသလို ကုမ္ပဏီမှဥပဒေ၊ နည်းဥပဒေများနှင့်အညီ မရှိဘဲ ဆောင်ရွက်နေခြင်း၊ နိုင်ငံတော်မှအခွန်အခနစ်နာခြင်းမရှိပါကြောင်းကို ကျွန်တော် ဒီနေရာမှာ ဖြေကြားလိုပါတယ်။

ဒုတိယပိုင်းအနေနဲ့ကတော့ သဘာဝပတ်ဝန်းကျင်ထိခိုက်နစ်နာမှုနဲ့ ဒေသခံများရဲ့ စိုက်ပျိုးမြေများ ထိခိုက်ပျက်စီးမှုနှင့်ပတ်သက်လို့ တိုင်ကြားစာအခြေအနေကို ကျွန်တော့်အနေနဲ့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ သစ်တောဦးစီးဌာနအနေနဲ့ ကွင်းဆင်းတဲ့အခါမှာ ကျွန်တော်တို့ Power Point မှာတင်ပြတဲ့အတိုင်း အချက်ငါးချက်ရှိပါတယ်။ အဲဒီအချက်ငါးချက်ကတော့ ရေစီးဆင်းမှုရယ်၊ သဲနုန်းပို့ချမှုရယ်၊ သောက်ရေရရှိမှုရယ်၊ EIA အစီရင်ခံစာရယ်၊ ဒါတွေကို မည်ကဲ့သို့ဆောင်ရွက်မည် အစရှိတဲ့ဟာနဲ့ပတ်သက်ပြီးတော့ အချက်ငါးချက်ကို Power Point မှာတင်ပြထားပါတယ်။

ကုမ္ပဏီကနေပြီးတော့ ကျွန်တော်တို့ ဒီဟာနဲ့ပတ်သက်ပြီး EIA အစီရင်ခံစာကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကတစ်ဆင့် ကုမ္ပဏီကို တင်ပြရန်အချက် ၁၂ ချက်နဲ့ ထပ်မံပြီးတော့ ကျွန်တော်တို့ ညွှန်ကြားပေးထားပါတယ်။ အဲဒီ ၁၂ ချက်ကတော့ အရှည်ဖြစ်နေတဲ့ အတွက်ကြောင့်မို့လို့ Power Point မှာပဲ ကျွန်တော် အတိုတင်ပြထားပါတယ်။ ဒါတွေကတော့ မြေပေါ်နဲ့မြေနဲ့ ပတ်သက်တဲ့ကိစ္စ၊ ကျလာတဲ့လမ်းခင်းတဲ့ကိစ္စ၊ နောက်တစ်ခါ Jetty ဆောင်ရွက်နေခြင်း၊ နောက်တစ်ခါ Dredging လုပ်နေခြင်းဆောင်ရွက်ရခြင်းကိစ္စများ၊ နောက်တစ်ခါ အများပြည်သူနဲ့ဆွေးနွေးရမယ့်နေရာ Money လုပ်ငန်းအတွက် မိုင်းခွဲလို့ရှိရင် ရှောင်ရမယ့်နေရာတွေ၊ ယဉ်ကျေးမှုအမွေအနှစ်အပေါ်မှာ ကျရောက်လို့ရှိရင် ဆောင်ရွက်ရမယ့်လုပ်ငန်းတွေ၊ နောက်ပြည်သူများရဲ့ ကျန်းမာရေးနဲ့ဆိုင်တဲ့အချက်တွေအားလုံး ၁၂ ချက်ကို ဆောင်ရွက်ရန်အတွက် ပထမအကြံပြုတင်ပြထားပါတယ်။ အဲဒီအပြင် ကျွန်တော်တို့ EIA ထွက်လာလို့ရှိရင်လည်းပဲ EMP လို့ခေါ်တဲ့ Environmental Management Plan ကိုလည်းပဲ ရေးဆွဲပြီးတော့ ဒီကုမ္ပဏီက အကောင်အထည်ဖော်ရမှာဖြစ်ပါတယ်။ ဒါကလည်းပဲ ရေးဆွဲပြီးဖြစ်ပါတယ်။ ကုမ္ပဏီအနေနဲ့ ပျိုးပင်တစ်ခုကိုတည်ထောင်ပြီးတော့ အပင်များကို ဥတ္တံတားကျောက်မိုင်း

မူကြမ်း

က ၂၂ မိုင်ဝေးတဲ့ သထုံမြို့နယ်၊ ခနုကြီးဝိုင်းအကွက်အမှတ်ထဲမှာ အပင်ပေါင်း ၇၇၀၀ စိုက်ပျိုးထားကြောင်းကိုလည်း ကျွန်တော်တို့ တွေ့ရှိရပါတယ်။

အဲဒီနည်းတူ ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ၂၀၁၅ ခုနှစ်မှစပြီးတော့ စမ်းချောင်းများမှ သဲများကို တူးဖော်ပေးခြင်း၊ ရေကြီးရေလျှံမဖြစ်ရန် တိမ်ကောနေတဲ့ မီးရထားလမ်းတံတားအပေါက် သုံးပေါက်ကို သဲနုန်းများ တူးခြင်း၊ သဲနုန်းစစ်ကန် ၁၅ ခု ပြုလုပ်ပေးခြင်း၊ မြေသားနံရံများမှာ Vetiver မြက်အပင် ၁၂၀၀၀၀ ကိုစိုက်ပျိုးပေးခြင်း၊ ယခင်တိမ်ကောနေတဲ့ တကူဝိနှင့် တကူဝေချောင်းများကို တူးဖော်ပေးခြင်း၊ ဥတ္တံတားကျေးရွာအတွက် နှစ်လက်မအဝီစိတွင်း လေးတွင်းနှင့် ရေဂါလံ ၄၇၀၀ ဆန့်တဲ့ အများသုံးရေကန်များကို ဆောက်လုပ်ပေးခြင်း၊ အဲဒီမှာရှိတဲ့ အ.ထ.က(ခွဲ)ကျောင်းအတွက် သိန်း ၇၀၀ တန်နဲ့ RC နှစ်ထပ်ကျောင်းများ ဆောက်လုပ်ပေးခြင်း အစရှိတဲ့လုပ်ငန်းများ အားလုံးပေါင်းကို သိန်းပေါင်း ၁၈၂၅၀၀၀၀၀ ကို သုံးစွဲပြီးတော့ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေကြောင်း တွေ့ရှိ ရပါတယ်။

အဲဒီအပြင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ အခြားလိုအပ်တဲ့ ကျေးရွာများသို့ လမ်းခင်းကျောက်များ လှူဒါန်းခြင်း၊ ဥတ္တံတားကျေးရွာများကို လယ်ယာထုတ်ရန်အတွက် ပေ ၅၀ လမ်းခင်းပေးခြင်းအတွက် သိန်း ၃၀၀ ခန့်ကို လှူဒါန်းပေးတဲ့အခါမှာ မွန်ပြည်နယ်အစိုးရမှ သဘောတူပေမဲ့လည်းပဲ ဥတ္တံတားကျေးရွာယခင်အုပ်ချုပ်ရေးမှူးက လက်ခံခြင်းမရှိတဲ့အတွက်ကြောင့်မို့လို့ လှူဒါန်းနိုင်မှုကိုတော့ မရှိခဲ့ကြောင်း သိရှိရပါတယ်။ ကုမ္ပဏီအနေနဲ့ ကျောက်ထုတ်လုပ်တဲ့အတွက်ကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု တတ်နိုင်သမျှ လျှော့ချရေးအတွက် ဆောင်ရွက်လျက်ရှိခြင်း၊ ဒေသခံပြည်သူများရဲ့အသက်မွေးဝမ်းကြောင်း လုပ်ငန်းများတိုးတက်ရန် အခြေခံကျတဲ့အချက်များမှာ ပြည်နယ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်နေခြင်းတို့ကြောင့် တာဝန်ခံမှု၊ တာဝန်ယူမှုရှိသော လုပ်ငန်းတစ်ခုဖြစ်ကြောင်းကိုလည်းပဲ မွန်ပြည်နယ်အစိုးရကနေပြီးတော့ အသိအမှတ်ပြုပါတယ်။

တတိယပိုင်းအနေနဲ့ ကျွန်တော် ဆက်လက်ရှင်းပြရမှာက ဒေသခံများကို ပွင့်လင်းမြင်သာမှုရှိတဲ့ စီမံကိန်းဖြစ်ကြောင်းကို တင်ပြပါမယ်။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာနဲ့ပတ်သက်ပြီးတော့ E-guard လို့ခေါ်တဲ့ Environmental Services အဖွဲ့အစည်းဟာ ၂၂-၂-၂၀၁၅ ရက်နေ့နှင့် ၃-၄-၂၀၁၆ ရက်နေ့မှာ လူအင်အား ၅၀၀ ကို တွေ့ဆုံပြီးတော့ နှစ်ကြိမ်ဟောပြောမှုပြုသော်လည်းပဲ ကျွန်တော်တို့ ဒေသခံပြည်သူများမှ ကန့်ကွက်ခြင်းကြောင့် တိုင်ပင်မှုလုပ်ငန်းများကို မလုပ်ခဲ့နိုင်ပါဘူး။ သို့သော်လည်းပဲ ၃-၉-၂၀၁၇ ရက်နေ့မှာဖြင့် စုပေါင်းအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးပြီး ခုနက ဆန္ဒပြခဲ့တဲ့ အိမ်ခြေများကို စာရင်းကောက်တဲ့နေရာမှာ အိမ်ခြေ ၁၄၁၂ အိမ်မှာ လူဦးရေ ၅၀၀၀ ကျော်ရှိပြီးတော့ ဒီကုမ္ပဏီကို ကန့်ကွက်သူဟာ ၃၀၀ ခန့်သာရှိတဲ့အတွက်ကြောင့်မို့လို့ ကျေးရွာလူဦးရေရဲ့ ၆ ရာခိုင်နှုန်းမျှသာ ကန့်ကွက်မှုရှိကြောင်းကိုလည်းပဲ စိစစ်တွေ့ရှိရပါတယ်။ ဒေသခံပြည်သူများရဲ့ ပွင့်လင်းမြင်သာမှုရရှိရေးအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ ဆန်းစစ်ခြင်းအစီရင်ခံစာ အပြီးသတ်(မူကြမ်း)ကို အများပြည်သူလေ့လာနိုင်ရန်အတွက် Website များ၊ ပေါင်မြို့နယ်၊ တံတားဦးကျေးရွာရဲ့ အုပ်ချုပ်ရေးမှူးရုံးမှာ ကပ်ထားပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး အကြံဉာဏ်ပြုချင်လို့ရှိရင် အကြံဉာဏ်ပြုနိုင်ရန်အတွက် ၁၈-၉-၂၀၁၇ မှာထည့်သွင်းကြေညာခဲ့ပါတယ်။ သတင်းစာမှာလည်း ကြေညာခဲ့ပါတယ်။ အဲဒီလိုကြေညာခဲ့တဲ့အခါမှာ ၉-၁၀-၂၀၁၇ ရက်နေ့နှင့် ၁၁-၁၀-၂၀၁၇ ရက်နေ့ အထိ ဥတ္တံတား

ကျေးရွာအုပ်ချုပ်မှုရုံးနှင့် မွန်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ပေးပို့အကြံပြုချက်များ အပေါ်မှာ လက်ခံရာမှာ မည်သူတစ်ယောက်မျှ အကြံပြုချက်များပေးပို့ခြင်းမရှိပါကြောင်း တွေ့ရှိရပါ တယ်။ အဲဒီအပြင် ဒီကုမ္ပဏီအနေနဲ့ ဆက်စပ်ဌာနများနဲ့ အစည်းအဝေးများကို ပုံမှန်တွေ့ဆုံပြီးတော့ ပွင့်လင်းမြင်သာမှုရှိရန် လူထုတွေ့ဆုံပွဲများ ကျင်းပနိုင်ရန်ကိုလည်းပဲ လုပ်ဆောင်ရန်အတွက် စီစဉ်နေ ကြောင်း ပြည်နယ်အစိုးရကနေပြီးတော့ သိရှိရပါတယ်။

နောက်တစ်ခုက ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ ပေါင်မြို့နယ် ဥတ္တံတားကျေးရွာရှိ အဆိုပါ ကုမ္ပဏီသည် ဒေသခံများ၏အသက်၊ အိုးအိမ်၊ စည်းစိမ်ကို ထိခိုက်နေသောကြောင့် ဖျက်သိမ်းပေးနိုင်ခြင်းရှိ/မရှိနှင့် ပတ်သက်ပြီးတော့ ကျွန်တော်တင်ပြချင်တာကတော့ ဒီကုမ္ပဏီကို MIC ကနေ နှစ်ပေါင်း ၃၀ အထိ ခွင့်ပြုချက်နဲ့ ခွင့်ပြုထားပါတယ်။ သက်တမ်းတိုးရန်အတွက်လည်းပဲ ကျွန်တော်တို့ ပြည်နယ်အစိုးရကလည်း သဘောထားခွင့်ပြုချက်ရယူထားပါတယ်။ တတိယ အဖွဲ့အစည်းကနေပြီးတော့(EIA, SIA)ဆန်းစစ်မှုများအရ (EMP)ရေးဆွဲရန်လည်းပဲ ဆောင်ရွက်နေပါ တယ်။ မိုင်းသုံးစွဲမှုနှင့်ပတ်သက်ပြီးတော့ ကာကွယ်ရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ကျောက်မိုင်းကို ကျွမ်းကျင်တဲ့အင်ဂျင်နီယာဝန်ထမ်းများနှင့် ဝန်ထမ်းများ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရန်၊ တုန်ခါမှုဆူညံမှုများကို စနစ်တကျ ထိန်းချုပ်ရန် စီမံထားပါတယ်။ သစ်ပင်များကိုလည်း အစားထိုးစိုက်ပျိုးထားပါတယ်။ မြေဆီလွှာတိုက်စားမှု မြေပြိုခြင်းမှကာကွယ်ရန်အတွက် ဗာတီဘာမြက်၊ ကန်စွန်းနွယ်၊ နတ်မြွေးစတဲ့အပင်များကိုလည်းပဲ မြေထိန်းတဲ့နေရာမှာ စိုက်ပျိုးထားပါတယ်။ နုန်းအနည်အနှစ် ဖမ်းယူရန်အတွက်လည်း နုန်းထိန်းတမံများကို တည်ဆောက်ထားပါတယ်။ အဲဒီနည်းတူ ကျွန်တော်တို့ EIA များမှာ ပါဝင်တဲ့အတိုင်းပဲ ဖြည့်စွက်ဆောင်ရွက်ထားပါတယ်။

ထပ်မံပြီးတော့ ကျွန်တော့်အနေနဲ့ တင်ပြချင်တာကတော့ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့မှာ ကျင်းပခဲ့တဲ့ စီးပွားရေးရာကော်မတီရဲ့ အစည်းအဝေးအမှတ်စဉ်(၂/၂၀၁၇)ရဲ့ ဆုံးဖြတ်ချက် အရ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ သတိပြုရန်လိုအပ်သည့်အချက်များ အကြောင်းကြားထားရှိခြင်း၊ ဥပဒေနှင့်အညီ ဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုများကို ရပ်ဆိုင်းစေခြင်းသည် ရင်းနှီးမြှုပ်နှံမှုကို တိုက်ရိုက်သိမ်းယူခြင်း သဘောသက်ရောက်ပါသဖြင့် မလိုလားအပ်သည့် အငြင်းပွားမှုများ ပေါ်ပေါက်နိုင်ခြင်းတို့ကြောင့် ဥပဒေနှင့်အညီ ခွင့်ပြုထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ အစီအစဉ်ဖြင့် ရပ်ဆိုင်းခြင်းမပြုကြရန် အသိပေး အကြောင်းကြားခြင်းတို့ကြောင့် ဖော်ပြပါ Long Life Aggregate Mining Co.,Ltd. ရဲ့ ပေါင်မြို့နယ်၊ ကုလားမတောင်ကြိုးဝိုင်းအတွင်း လမ်းခင်းကျောက်ထုတ်လုပ်သည့်စီမံကိန်းအား ရပ်ဆိုင်းဖျက်သိမ်းရန် အစီအစဉ်မရှိပါကြောင်းနှင့် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းများကို ချိုးဖောက်ပါက အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါ တယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်မိကွန်ချမ်း(ပေါင်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မဆက်စပ်မေးခွန်းလေး မေးခွင့် ပြုပါ။ အခုဝန်ကြီးရှင်းပြသလို ဖျက်သိမ်းခွင့်တော့ မပေးဘူးဆိုရင် ဒီကျောက်မိုင်းကုမ္ပဏီဟာ စည်းမျဉ်း စည်းကမ်းနှင့်အညီ လုပ်ကိုင်ခွင့်ပြုထားပြီး ဒီဥပဒေနှင့်အညီ လိုက်နာမှုရှိ/မရှိ၊ တတိယကြားနေ အဖွဲ့ အစည်းတစ်ခုအနေနဲ့ ဒါစစ်ဖို့အတွက် ခွင့်ပြုဖို့ရှိပါသလား။ ပွင့်လင်းမြင်သာမှုရှိအောင် ဥပဒေနှင့် အညီ တကယ်လို့ လုပ်ဆောင်ထားခြင်းမရှိခဲ့ဘူးဆိုရင် အရေးယူရုံပဲ၊ ဒီလိုမျိုးပဲ ဒါကျွန်မတို့ကို ဒီ ရေစစ်၊ သဲစစ်ကန်လေးလုပ်လိုက် ဒီလိုပုံစံမျိုးနဲ့ပဲ ဆက်မလုပ်ဘဲနဲ့ပဲ လုပ်ပိုင်ခွင့်ကို ပိတ်သိမ်းတဲ့အထိ ဒါကို အရေးယူဆောင်ရွက်မှုရှိပါသလား။ ဒီဆက်စပ်မေးခွန်းလေးကို မေးချင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ခုနတုန်းက ဝန်ကြီးပြောသလိုပဲ ဒီကျောက်မိုင်းသည် အခွန်၊ အခအနေနဲ့ သိန်း ၈၀၀ ရတယ်ဆိုတဲ့အပေါ်မှာ နည်းနည်းရှင်းပြချင်ပါတယ်။ ဒီကျောက်မိုင်းက ထုတ်လုပ်တဲ့နေရာမှာ နှုန်းထားအနေနဲ့က ဒီ ၆ လက်မ၊ ၉ လက်မ ဆိုဒ်အစားကို တကယ်ထုတ်လုပ်နေတာက ၁ လက်မ၊ ၂ လက်မ ကျောက်တွေဖြစ်ပါတယ်။ ဒါဒေသခံပြည်သူတွေရဲ့ တင်ပြချက်အရ ကာလပေါက်ဈေးအနေနဲ့ ကြည့်မယ်ဆိုရင် ကွာဟမှုက တကယ်ထုတ်လုပ်တဲ့ကျောက်ဆိုရင်တော့ သိန်းပေါင်း ၄၈၀၀ အခွန် ဆောင်ရမှာဖြစ်ပါတယ်။ သိန်းပေါင်း ၄၀၀၀ ကျော်က အခွန်ကွဲလွဲနေတာတွေ ရှိတယ်။ နောက်ပြီးတော့ ကျွန်မတို့ ဒီ EIA, SIA စစ်တဲ့နေရာမှာလည်း စိစစ်ချက်၊ ထွက်ရှိချက်ကတော့ ဒီကျောက်မိုင်းထုတ်လုပ်တဲ့နေရာမှာ သဘာဝပတ်ဝန်းကျင်မထိခိုက်အောင်ဆိုပြီးတော့ သဲနုန်းတွေ၊ နုန်းစစ်ကန်တွေလုပ်ပေးရမယ်။ ဒီသဲချောင်းတွေကို တူးဖော်ပေးရမယ်ဆိုတာ ခဏတဖြုတ်သာ လုပ်သွားပေးတာပဲ ရှိပါတယ်။ တကယ်တမ်း စိုက်ပျိုးရတဲ့ ပြည်သူတွေအနေနဲ့ အခုချိန်သည် လယ်ဧက ရာချီ၊ ထောင်ချီ ဒါစိုက်ပျိုးလို့ မရတာကိုလည်း ကျွန်မတို့ကိုယ်တိုင် ကွင်းဆင်းပြီးတော့ တွေ့ရှိရပါတယ်။ နောက်ပြီးတော့ ဒီတင်ပြချက်တွေမှာ ပြည်သူလူထုအနေနဲ့ ခဏ၊ ခဏတောင်းဆိုတယ်။ လာစစ်ပေးတယ်ဆိုတာ ကျွန်မတို့ ပြည်ထောင်စုအဆင့်ဝန်ကြီးကိုယ်တိုင်လည်း စိစစ်ပြီးသား ဖြစ်ပါတယ်။ ဒါပေမဲ့ ဒေသခံပြည်သူတွေနဲ့ တွေ့ရှိခြင်းမရှိဘဲနဲ့ ကုမ္ပဏီနဲ့သာတွေ့ပြီးတော့ လုပ်ငန်းသဘောအရ စိစစ်တာပဲရှိခဲ့ပါတယ်။ ဒီအပေါ်မှာ အဲဒါကြောင့်မို့လို့ ကျွန်မမေးမြန်းချင်တာကတော့ ဒီကုမ္ပဏီမှာ စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ လုပ်တယ်မလုပ်ဘူးဆိုတဲ့နေရာမှာ ကျွန်မတို့ကြားခံအဖွဲ့အစည်းအနေနဲ့ ဒီ EIA, SIA တတိယအဖွဲ့အစည်းပေါ့။ ပြည်သူတွေ ယုံကြည်ရတဲ့ အဖွဲ့အစည်းတစ်ဖွဲ့ကို ဖွဲ့ပြီးတော့ ပွင့်လင်းမြင်သာမှုရှိအောင် စိစစ်ပေးပြီး၊ စိစစ်ဖို့ ခွင့်ပြုနိုင်ပါသလား။ ဒီလိုမျိုး စိစစ်လို့ ဥပဒေနှင့်မညီဘူးဆိုရင် ကျွန်မတို့ အရေးယူဆောင်ရွက်မှုမှာ ပိတ်သိမ်းသည်အထိကို ဒါလုပ်ဆောင်နိုင်ပါသလားဆိုတာ မေးခွန်းလေးကို မေးမြန်းချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ ဒီတတိယအဖွဲ့အစည်းအနေနဲ့ ဆောင်ရွက်ဖို့အတွက်ကို ကျွန်တော်ဆောင်ရွက်ပေးပါ့မယ်။ အခုလည်းပဲ တတိယအဖွဲ့အစည်းဖြစ်တဲ့ ဒီမှာသူတို့ကနေပြီးတော့ E-guard Environmental Service ကနေပြီးတော့ ဆောင်ရွက်နေပါတယ်။ သို့သော်လည်းပဲ ကိုယ်စားလှယ်တော်ကြီးခုနက အမိန့်ရှိတဲ့အတိုင်းပါပဲ Third Party ကို သီးခြားဖွဲ့စည်းပြီးတော့လည်း ကျွန်တော်တို့

ဆောင်ရွက်ပေးပါမယ်။ အခွန်တော်နှင့်ပတ်သက်လို့ကတော့ နည်းနည်းအယူအဆများမှာစိုးလို့ ကျွန်တော်တို့ သစ်တောဦးစီးဌာနကရနေတဲ့ ၂၅ ရာခိုင်နှုန်းသည် ခြောက်လက်မ၊ ကိုးလက်မကျောက် အတွက်ဖြစ်ပါတယ်။ သို့သော် ခုနက Cheapen လို့ခေါ်တဲ့ တစ်လက်မ၊ နှစ်လက်မအရွယ်ကျောက် ကျတော့ ဒါအမြတ်တော်ခွန်ပိုင်းနဲ့ဆိုင်ပါတယ်။ အခွန်ကနေပြီးတော့ ဒါအခွန်ဦးစီးဌာနကနေပြီးတော့ အဲဒီအပေါ်မှာ လိုက်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ လောလောဆယ်ကတော့ သစ်တောဦးစီးဌာန အနေနဲ့ ကျွန်တော်သိရသလောက်ကတော့ ခုနက ထွေ/အုပ်က သတ်မှတ်ထားတဲ့ဈေးရဲ့ ၂၅ ရာခိုင်နှုန်းပဲရပါတယ်။ ခုနက Cheapen အဖြစ်ကို ပြောင်းသွားတဲ့ အခါကျတော့ အဲဒါနဲ့ပတ်သက်လို့ ကတော့ သီးခြားအမြတ်တော်ခွန်ကနေပြီးတော့ သီးခြားထပ်မံကောက်ခံဖို့ ဖြစ်ပါတယ်။ ကျွန်တော် ဖြည့်စွက်ပြောရမယ်ဆိုရင်လည်းပဲ၊ ထပ်မံပြောရမယ်ဆိုရင်လည်းပဲ ဒါနဲ့ပတ်သက်လို့ အကယ်၍ EIA, SIA များကိုဆွဲပြီးတော့ လုပ်ကိုင်ဆောင်ရွက်မှုမရှိလျှင် ဥပဒေအရ သူ့ကို ကျွန်တော်တို့ ဒါအရေးယူမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ သူ့ရဲ့လုပ်ကိုင်မှုရဲ့အပြင်းကိုကြည့်ပြီးတော့ အပေါ့အပြင်းအလိုက် ကျွန်တော် တို့ အရေးယူ သွားမှာဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။

**ပြည်ထောင်စုအစိုးရအဖွဲ့သို့ပေးသွင်းရန် ကျန်ရှိသော ရွှေတူးဖော်ရေးလုပ်ငန်းရှင်များနှင့် ကုမ္ပဏီတို့ အား တိကျသောအရေးယူမှုများ ဆောင်ရွက်သွားရန်နှင့် ကြွေးကျန်များ ကျန်ရှိမှုမရှိအောင် ကောက်ခံ သွားရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဇာနည်မင်း(ရွှေကူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်သူများအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့သို့ပေးသွင်းရန် ကျန်ရှိသော ရွှေတူးဖော်ရေး လုပ်ငန်းရှင်များနှင့် ကုမ္ပဏီတို့အား တိကျသော အရေးယူဆောင်ရွက်သွားရန်နှင့် ကြွေးကျန်များ ကျန်ရှိမှုမရှိအောင် ကောက်ခံသွားရန် အစီအစဉ်ရှိ/မရှိနှင့် ဆက်စပ်တဲ့မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းမေးရတဲ့ရည်ရွယ် ချက်ကတော့ ပြည်ထောင်စုအစိုးရမှ သတ္တုသယံဇာတတွေ ထုတ်ယူသုံးစွဲရာမှာ နိုင်ငံ့အကျိုးစီးပွားကို အထောက်အကူပြုစေရန်အတွက် စီမံခန့်ခွဲနိုင်ဖို့အတွက်လည်း နောက်ထုတ်လုပ်သူများမှလည်း ချမှတ်တဲ့မူဝါဒ၊ ဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာဆောင်ရွက်စေဖို့အတွက်လည်း ရည်ရွယ်ပါတယ်။ နောက်တစ်ခါ ပြည်ထောင်စုအစိုးရမှာ လိုငွေပြနေတဲ့ ဘဏ္ဍာရေးအခန်းကဏ္ဍကို တစ်စိတ်တစ်ဒေသ အကျိုးပြုနိုင်ရန်အတွက်လည်း ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ဒီမေးမြန်းလိုတဲ့အကြောင်းရင်းကတော့ ၂၀၁၅-၂၀၁၆၊ (၉/၂၀၁၇)အစီရင်ခံစာမှာဆိုလို့ ရှိရင် သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ ထုတ်ယူသုံးစွဲခံစားသည့်စနစ်ဖြင့် လုပ်ငန်းရှင်များမှ နိုင်ငံတော်မှရရှိရန်အကြွေးကျန်တဲ့ ရွှေစင် ကျပ်သား ၁၀၇၅၆၀.၉ ကျပ်သားအထိ ကျန်ရှိနေတာကိုလည်း အစီရင်ခံစာများ ဖော်ပြထားတာကို လည်းတွေ့ရှိရပါတယ်။ နောက်တစ်ခါ အစိုးရအဖွဲ့အစည်းတို့မှ ရရန်ကျန်ရှိနေတဲ့ငွေကျပ်အနေနဲ့ ၇၉၀.၅၃၂ သန်းအထိ ကျန်ရှိနေတာကို တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံမှာ လိုငွေပြနေတာဆိုလို့ရှိရင်လည်း နိုင်ငံတော်မှာ ဆေးဝါးတွေလိုအပ်တယ်။ ဆေးဝါးပစ္စည်းတွေကို လျာထားချက်အတိုင်း မဝယ်ယူနိုင်ဘူးဆိုရအောင်

လည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာမှာ ဝန်ကြီးကနေပြီးမှ ပြောကြားသွားတာဖြစ်ပါတယ်။ နောက်တစ်ချက် ကျွန်တော်တို့ နိုင်ငံက ဆောက်လုပ်ရေးပိုင်းအနေနဲ့ ကျွန်တော်တို့နိုင်ငံတိုးတက်နိုင်ဖို့အတွက် ASEAN Level Infrastructure တွေကို ကျွန်တော်တို့တွေကတည်ဆောက်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ရဲ့ ဆောက်လုပ်ဖို့အတွက်က အနည်းဆုံး US ဒေါ်လာဘီလီယံ ၆၀ လိုအပ်နေပါတယ်။ အဲဒါကြောင့် ဒီလိုကျန်ရှိနေတဲ့အကြွေးတွေကို စနစ်တကျကောက်ယူပြီးမှ သုံးစွဲမယ်ဆိုရင် ကျွန်တော်တို့ရဲ့ နိုင်ငံအတွက် လိုငွေပြနေတဲ့ဘတ်ဂျက်ကိုလည်း ဒါအကျိုးပြုမှာဖြစ်ပါတယ်။

နောက်အဲဒီမှာ သတ္တုတွင်းဝန်ကြီးဌာနကနေပြီးမှ ကျန်ရှိနေသေးတဲ့အကြွေးတွေကို မူဝါဒ(၄)ရပ်နဲ့ချမှတ်ပြီးမှ တောင်းယူမယ်ဆိုတာကို ကျွန်တော့်အနေနဲ့ လေ့လာတွေ့ရှိရပါတယ်။ အဲဒီမှာဆန်းစစ်တဲ့နေရာမှာ (က)နဲ့ (ခ)မှာ ဘာပါလဲဆိုတော့ ဒီကျန်နေသေးတဲ့အကြွေးတွေကို သူ့အနေနဲ့အကြွေးလျော်ဖြစ်ဖို့ကို အဓိက ဦးတည်ထားပါတယ်။ ဒါတွေလည်း သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ပြန်လည်ပြီးမှ စိစစ်သုံးသပ်ဖို့ လိုပါလိမ့်မယ်။ နောက်တစ်ခါ အဲဒီအစီရင်ခံစာမှာ (ဂ)နဲ့ (ဃ)မှာဘာလဲဆိုတော့ ဒီပေးရန် ကျန်ရှိတဲ့အကြွေးတွေကို သက်ဆိုင်တဲ့တရားရုံးမှာ အမှုဖွင့်ပြီးမှ တရားစွဲဆိုတောင်းဖို့ဆိုတာလည်း ကျွန်တော်တို့နိုင်ငံရဲ့အရွေ့တစ်ခုကို သွားနေတဲ့အချိန်မှာ တရားရေးမဏ္ဍိုင်အနေနဲ့လည်း ဒါတွေကို ပံ့ပိုးနိုင်မလားဆိုတာကိုလည်း ပြန်လည်ဆန်းစစ်ဖို့ လိုပါတယ်။ ဒါကြောင့်မို့လို့ကျွန်တော့်အနေနဲ့ ဒီမူဝါဒ(၄)ရပ်ကိုလည်း ပြန်လည်ဆန်းစစ်ရမယ်။ နောက်တစ်ချက် အကြွေးကျန်တွေကိုလည်း သက်ဆိုင်တဲ့အစိုးရအဖွဲ့ရဲ့ထောက်ခံချက်ဖြင့် အကြွေးစာရင်းမှ ပယ်ဖျက်ရမယ်ဆိုတာပါရှိရပါတယ်။ အဲဒီမှာ ဒီမိုကရေစီစံနှုန်းအရဆိုလို့ရှိရင် လွှတ်တော်ရဲ့အခန်းကဏ္ဍ၊ လွှတ်တော်ကိုယ်စားလှယ်ရဲ့ အခန်းကဏ္ဍဟာ မပါရှိတဲ့အတွက် ဒီမိုကရေစီစံချိန်စံညွှန်းမညီတဲ့အတွက် ဒီမူဝါဒ(၄)ရပ်ကိုလည်း ပြန်လည်ဆန်းစစ်သင့်ပါတယ်။ သို့ဖြစ်ပါသောကြောင့် လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပေးသွင်းရန်ကျန်ရှိတဲ့ ရွှေတူးဖော် ရေးလုပ်ငန်းရှင်များနှင့် ကုမ္ပဏီတို့အား တိကျသောအရေးယူမှုများ ဆောင်ရွက်သွားရန်နှင့်ကြွေးကျန်များ ကျန်ရှိမှုမရှိအောင် ကောက်ခံသွားရန် အစီအစဉ်အစီရှိ/မရှိနှင့် ဆက်စပ်သည့်မေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ လေးစားစွာ မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကချင်ပြည်နယ်၊ ရွှေကူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်းရဲ့ ပြည်ထောင်စုအစိုးရအဖွဲ့သို့ပေးသွင်းရန် ကျန်ရှိသော ရွှေတူးဖော်ရေးလုပ်ငန်းရှင်များနှင့် ကုမ္ပဏီတို့အား တိကျသောအရေးယူမှုများ ဆောင်ရွက်သွားရန်နှင့် အကြွေးကျန်များကို ကျန်ရှိမှုမရှိအောင် ကောက်ခံသွားရန် အစီအစဉ်ရှိ/မရှိနှင့် မရှိပါက အဘယ်ကြောင့်နည်း။ ရှိပါက မည်သို့ထိရောက်စွာ အရေးယူဆောင်ရွက်မည်ကို

သိလိုခြင်းနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော် ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အား Power Point တင်ပြခွင့်ပြုပါခင်ဗျား။ ကြွေးကျန်နှင့်ပတ်သက်ပြီးတော့ စိစစ်ရာမှာ လုပ်ငန်းအမှန်တကယ်ဆောင်ရွက်နိုင်သော်လည်းပဲ နိုင်ငံတော်ကိုပေးသွင်းရန် ပျက်ကွက်မှုကြောင့် ကျန်တဲ့အကြွေး၊ နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိခြင်းကြောင့် လုပ်ငန်းဆောင်ရွက်နိုင်မှုမရှိသော ကြောင့် ဖြစ်ပေါ်တဲ့အကြွေး၊ မြေပြင်မှာလုပ်ငန်းကို အမှန်တကယ်ဆောင်ရွက်ခြင်းမရှိသော်လည်းပဲ စာချုပ်ပါစည်းမျဉ်းများအရ ပေးသွင်းရန် တာဝန်ရှိတဲ့အတွက်ကြောင့် ဖြစ်ပေါ်လာတဲ့အကြွေးကျန်များ ပါဝင်နေတာကို တွေ့ရပါတယ်။ ဒီအကြွေးကျန်များနှင့်ပတ်သက်ပြီးတော့ အခုနက ကိုယ်စားလှယ်ကြီး တင်ပြသလိုပါပဲ။ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်ကနေပြီးတော့ ပြည်ထောင်စုအစိုးရရဲ့ ခွင့်ပြုချက် အရ ဒီကြွေးကျန်များကို နည်းလမ်းလေးသွယ်နဲ့ကောက်ခံမှာဖြစ်ပါတယ်။ နံပါတ်(က)ကတော့ နယ်မြေ မငြိမ်းချမ်းဒေသတွေမှာ ဖြစ်ပေါ်နေတဲ့အကြွေးကျန်များကို ကုမ္ပဏီများက ကြွေးကျန်များကို စုံစမ်းစစ်ဆေးရေးအဖွဲ့နဲ့ စစ်ဆေးပြီးတော့ နယ်မြေမငြိမ်းချမ်းမှုအတွက် သက်ဆိုင်ရာဒေသ အစိုးရ အဖွဲ့ရဲ့ ထောက်ခံချက်နဲ့ ရွှေကြွေးကျန်စာရင်းအား ပယ်ဖျက်ခြင်း၊ (ခ)ကတော့ ဌာနနှင့်ဆက်သွယ်မှု မရရှိတဲ့ကုမ္ပဏီများကို အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနဲ့ ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတို့ အတည်ပြုပြီးတော့ ယင်းကုမ္ပဏီများရဲ့ ကြွေးကျန်စာရင်းများကို စုံစမ်းစစ်ဆေးရေးအဖွဲ့များနှင့်စစ်ဆေးပြီး ရွှေကြွေးကျန်စာရင်းမှ ပယ်ဖျက်ခြင်း၊ (ဂ) ရွှေပေးသွင်းရန် ကျန်ကုမ္ပဏီများအချို့ တချို့တစ်ဝက်ပေးသွင်းထားပြီးတော့ ကုမ္ပဏီများမှ ပေးသွင်းရန်ကျန်တဲ့ အကြွေးများကို စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့်စစ်ဆေးပြီးတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကစပြီးတော့ အကြေတောင်းခံသွားရန်နဲ့ ပေးသွင်းခြင်းမရှိတဲ့ကုမ္ပဏီများကို သက်ဆိုင်ရာတရားရုံးများမှ အမှုဖွင့် အရေးယူဆောင်ရွက်ခြင်း၊ (ဃ) လုံးဝပေးသွင်းနိုင်ခြင်းမရှိတဲ့ကုမ္ပဏီများကို ပေးသွင်းရမယ့် ရွှေကြွေးကျန်များကို စုံစမ်းစစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးပြီးကုမ္ပဏီများကို သက်ဆိုင်ရာတရား ရုံးနှင့် အမှုဖွင့်အရေးယူဆောင်ရွက်ခြင်းဆိုပြီးတော့ နည်းလမ်းလေးသွယ်နဲ့ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်ခဲ့တဲ့အခါမှာ ကျွန်တော်တို့ ပြီးခဲ့တဲ့လ ၃၀-၉-၂၀၁၇ ရက်နေ့အထိ အကြွေးကတော့ အားလုံး Power Point မှာတင်ပြတဲ့အတိုင်း ကြွေးကျန်ရွှေစင်က ၁၄၁၂၀.၃၂ ကျပ်သားကျန်ပါတယ်။ အဲဒီကြွေးကျန်များကို ကျွန်တော့်အနေနဲ့စာရင်းချုပ်အားဖြင့် ဒီမှာကြွေးကျန်များကို နှစ်အလိုက်၊ လအလိုက် ဖော်ပြထားပါတယ်။ အဲဒီလိုကျန်ရှိတဲ့ကြွေးကျန်တွေကို ကျွန်တော်ခုနကတင်ပြတဲ့ နည်းလမ်းလေးသွယ်နဲ့ ကောက်ခံတဲ့အခါမှာ ပထမဆုံးနည်းလမ်းအရ ကုမ္ပဏီ ၄၆ ခုအတွက် ပယ်ဖျက်ပေးရတဲ့ ရွှေစင်ကတော့ ၂၁၀၅.၅၉ ကျပ်သားဖြစ်ပါတယ်။ ခုနက ကျွန်တော်တင်ပြတဲ့ တတိယနည်းလမ်းနဲ့ စတုတ္ထနည်းအရတော့ တရားစွဲဆိုတဲ့ကုမ္ပဏီတွေ ခြောက်ခုအနက် ခုနှစ်ခုသော ရာစုကုမ္ပဏီက ၂၃.၁၄ ကျပ်သား၊ အဲဒီနည်းတူ တရားရုံးမှာ ပြန်လည်ပေးသွင်းရန် အမိန့်ချမှတ် ထားပါတယ်။ အဲဒီနည်းတူ အံ့ဖွယ်ကမ္ဘာကုမ္ပဏီ၊ အောင်စစ်သွေးကုမ္ပဏီ၊ သိင်္ဂီအောင်ကုမ္ပဏီ၊ ဝင်းဝါရွှေစင်ကုမ္ပဏီ အကောင်းဆုံးရွှေစင်ကုမ္ပဏီစုစုပေါင်းက ပေးသွင်းရန်ကျန်တဲ့ရွှေစင် ၃၅၉.၁၂ ကျပ်သားကိုတော့ တရားရုံးမှာ တရားစွဲဆိုအမှုရင်ဆိုင်လျက်ရှိပါတယ်။ နောက်ကျန်တဲ့ ကုမ္ပဏီလေးခု ဖြစ်တဲ့ ရွှေစင်ဟိန်းကုမ္ပဏီ၊ မိုးဟိန်းထွန်းကုမ္ပဏီ၊ ဌေးဝင်းထွန်းကုမ္ပဏီနှင့် နီလာနှင်းဆီကုမ္ပဏီတို့က ကျန်တဲ့ ၅၂၈.၃၆ ကျပ်သားကိုတော့ တရားစွဲဆိုဖို့အတွက် တရားမအဆိုလွှာမူကြမ်းတင်ပြပြီး တရားရုံး မှာတင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။

ကျန်တဲ့ကုမ္ပဏီ ၁၃ဝ ခုကနေပြီးတော့ ကျန်တဲ့ရွှေစင် ၁၁၁ဝ၅.၁၂ ကျပ်သားအပေါ်မှာတော့ တရားရုံးမှာ တရားစွဲဖို့အတွက် ရှေ့နေသတိပေးစာ(Lawyer Notice)သုံးကြိမ်ပို့ထားပြီးတော့ တရားစွဲရန်အတွက် ပြင်ဆင်နေပါတယ်။ အဲဒီအပြင် ကုမ္ပဏီငါးခုဖြစ်တဲ့ ကျော်မိုးနန်းကုမ္ပဏီ၊ ဦးဒါန်းသစ်ကုမ္ပဏီ၊ ခိုင်ရွှေတန်းကုမ္ပဏီ၊ ဌာနေအောင်ကုမ္ပဏီ၊ ဆန်းလင်းအောင်ကုမ္ပဏီ အဲဒီကုမ္ပဏီရဲ့ စုစုပေါင်း ၈၂၇.၁၈ ကျပ်သားအပေါ်မှာတော့ နည်းလမ်းလေးသွယ်အရ စုံစမ်းပြီးမှ အထောက်အထား ခိုင်လုံတယ်ဆိုလို့ရှိရင် တရားစွဲဆိုမယ့်စာရင်းကပယ်ဖျက်ပြီးတော့ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနဲ့ အညီ စာရင်းမှပယ်ဖျက်ရန် ဆောင်ရွက်နေပါတယ်။ နောက်ထပ် ကုမ္ပဏီသုံးခုဖြစ်တဲ့ မိုးကြိုးခြသေ့် ကုမ္ပဏီ၊ သွေးမိသားစုကုမ္ပဏီ၊ ရွှေမြနန္ဒာကုမ္ပဏီတို့က ကျန်ခဲ့တဲ့ကြွေးပေါင်း ၄၂.၂၇ ကျပ်သားက နေပြီးတော့ ကျွန်တော်တို့ဆီကို ၅.ဝ၅ ကျပ်သားတော့ အရစ်ကျပေးပါပြီ။ အဲဒီအကျေပေးသွင်းရန် အတွက် ကတိခံဝန်ချက်ပြုထားပါတယ်။ ကတိခံဝန်ချက်ပျက်လို့ရှိရင်ကတော့ တရားရုံးမှာ တရားစွဲဆို သွားမှာဖြစ်ပါတယ်။ ဒါကတော့ အသေးစားတွေဖြစ်ပါတယ်။ အကြီးစားဖြစ်တဲ့ကုမ္ပဏီကြီးတွေကို ကျွန်တော်တင်ပြပါ့မယ်။ မန္တလေးတိုင်းဒေသကြီး၊ မိုးထိမိုးမိမှာရှိတဲ့ အမျိုးသားကြီးပွားတိုးတက်ရေး အုပ်စုကုမ္ပဏီရဲ့ လုပ်ကွက်(A)၊ ရွှေမိုးယံကုမ္ပဏီရဲ့ လုပ်ကွက်(B)၊ ရှမ်းပြည်နယ် ကလောမြို့နယ် ရွှေမင်းဘုံဒေသမှာရှိတဲ့ အာရှကမ္ဘာမြေစက်မှု၊ သတ္တုတူးဖော်ရေးကုမ္ပဏီလုပ်ကွက်(D)နဲ့ပတ်သက်ပြီး ကျွန်တော် တင်ပြသွားပါမယ်။ လုပ်ကွက်(A)၊ လုပ်ကွက်(B)၊ လုပ်ကွက်(D)ဟာ အားလုံးစုစုပေါင်း ကျွန်တော်တို့ ဒီမှာ သူကနေပြီးတော့ သူ့ကို ကျွန်တော်တို့ဆီကို တင်သွင်းပေးရမယ့် ရွှေက အားလုံးရခြင်းက ၈ဝ၈ဝ ပိဿာရှိပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဒီစာချုပ်အရပေါ့လေ သက်တမ်းအတွင်းမှာ နိုင်ငံတော်ကို ပေးဆောင်ရမယ့်ဟာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့လည်းပဲ ဒီငါးနှစ်သက်တမ်းနှင့်စာချုပ် ချုပ်ထားပါတယ်။ သို့သော်လည်းပဲ ဒီကုမ္ပဏီသုံးခုဟာ သတ္တုတွင်း ထူထောင်တဲ့အခါမှာ ထူထောင်မှုမလုံလောက်ဘူး။ နိုင်ငံတကာအဆင့်မီသတ္တုတွင်း ထူထောင်ရာမှာ အဆင့်မြင့်နည်းပညာနဲ့ အရင်းအနှီးများလိုအပ်တဲ့အတွက်ကြောင့်မို့လို့ နိုင်ငံတကာနည်းပညာ အကူအညီခေါ် ပြီးတော့ ရေရှည်လုပ်ကိုင်ရန် စာချုပ်ကိုပြင်ဆင်ပေးပါဆိုလို့ ကျွန်တော်တို့ ငါးနှစ်ကနေ ရှစ်နှစ်ကို ပြင်ဆင်ပေးပါတယ်။ အဲဒီညွှန်ကြားချက်အရ ပုတ်ပြတ်ရှစ်နှစ်ထုတ်လုပ်မှုအပေါ်မှာ ခွဲဝေခံစားတဲ့စနစ် နဲ့ ၁၇ နှစ် စုစုပေါင်း ၂၅ နှစ်နဲ့ ပြင်ဆင်တဲ့စာချုပ်ကိုတော့ ၂ဝ၁၃၊ နိုဝင်ဘာလ ၂၆ ရက်နေ့မှာ ပြင်ဆင်ထားပါတယ်။ သို့သော်လည်းပဲ အဲဒီ ကုမ္ပဏီဟာ စာချုပ်ပါတည်ထောင်မှုအတွင်း ယခင်စာရင်းစစ်ရဲ့ ကန့်ကွက်ချက်ဖြစ်ပေါ်တဲ့ရွှေစင်များပေးသွင်းရခြင်း၊ သတ္တုဓာတ်များ ပိုမိုရှာဖွေ ရခြင်း၊ အဆင့်မြင့် သန့်စင်စက်ရုံများတိုးချဲ့ရခြင်း၊ လုပ်ငန်းမှာရင်းနှီးမြှုပ်နှံမှုပိုမိုထက်ရခြင်းစတဲ့ အခက်အခဲများကြောင့် လစဉ်ပေးသွင်းရမယ့် လျာထားချက်များကို ပြောင်းလဲပြီးတော့ စာချုပ်ချုပ်ဆို ရန်ဒုတိယအကြိမ် ပြင်ဆင်ခဲ့ပါတယ်။

ဒုတိယအကြိမ်စာချုပ်ပြင်ဆင်ပြီးတဲ့အခါ ရွှေစင်များကို ပေးသွင်းရမယ့်ကုမ္ပဏီများဟာ ၂ဝ၁၆-၂ဝ၁၇ ဘဏ္ဍာရေးနှစ်မှစပြီးတော့ သူတို့မှာ မြေအောက်လမ်းကြောင်းများကို ခက်ခဲတဲ့အတွက်ကြောင့် မို့လို့ ထုတ်ယူရန်ခက်ခဲလာခြင်း၊ သတ္တုကုမ္ပဏီများ တည်ဆောက်ရန်အလိုမကျမှု၊ စက်ရုံများ တည်ဆောက်ရန်အလိုမကျမှု၊ အချိန်ယူရခြင်း၊ ရင်းနှီးငွေများ အခက်အခဲရှိလာခြင်း၊ ရွှေပါဝင်မှု နည်းလာခြင်း၊ မတည်ငြိမ်ခြင်း၊ လုပ်သားကျွမ်းကျင်မှု ကြံ့ခိုင်မှုလိုအပ်ခြင်းတို့ကြောင့် ထပ်မံပြီးတော့

ကျွန်တော်တို့ ရွှေစင်ပေးသွင်းရမယ့်ဟာကို ပြန်လည်ညှိနှိုင်းပြီးတော့ စာချုပ်ချုပ်ဆိုပေးပါလို့ ကျွန်တော်တို့ တောင်းဆိုခဲ့ပါတယ်။ အဲဒီတင်ပြမှုပေါ်မှာ နိုင်ငံတော်သမ္မတရုံးရဲ့ခွင့်ပြုချက်နဲ့ ကျွန်တော်တို့ Third Party ကျွန်တော်တို့ ဖွဲ့စည်းပါတယ်။ အဲဒီ Third Party ဖွဲ့စည်းတဲ့အခါမှာ ခုနက ကျွန်တော်တင်ပြတဲ့ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီက ၁၀၆.၀၁၅၇ ပိဿာ အဲဒီအကြွေးပေါ်မှာ သူ့ရဲ့အာမခံငွေသိန်းပေါင်းတစ်သောင်းကို နုတ်ပါတယ်။ နုတ်ပြီးတော့ အဲဒါနဲ့ညီမျှတဲ့ ရွှေ ၁၁.၂၆၁၂ ပိဿာကို လက်ခံရရှိပြီးတော့ ပြန်လည်ပေးသွင်းခိုင်းပါတယ်။ ပေးသွင်းခိုင်းပြီးတော့ ကျန်ရှိတဲ့ရွှေစင်များဖြစ်တဲ့ ၄၂ ထပ်မံကောက်ခံတဲ့အခါမှာ ကျွန်တော်တို့ ရွှေစင် ၄၂.၉၈၆၆ ပိဿာကို ရရှိခဲ့ပါတယ်။ ထိုနည်းအတူ ရွှေမိုးယံကုမ္ပဏီကလည်းပဲ ပေးသွင်းရန်ကျန်တဲ့ရွှေ ၆၂.၇၅၃၆ ပိဿာကို ပေးသွင်းရန်အတွက် အာမခံစပေါ်ငွေသိန်းပေါင်းတစ်သောင်းထဲက သူ့ရဲ့ရွှေတန်ဖိုးသင့်ပြီးတော့ ပြန်နုတ်ပြီးတော့ ကျန်တဲ့ရွှေများထဲက ကျွန်တော်တို့ဆီကို ၅.၈၀၀၅ ပိဿာ ကျွန်တော်ရရှိခဲ့ပါတယ်။ ထိုနည်းအတူ အာရှကမ္ဘာမြေစက်မှုနှင့် သတ္တုတူးဖော်မှုကုမ္ပဏီကနေပြီးတော့ သူ့ရဲ့ပေးသွင်းရန် ကျန်ရွှေ ၂၅.၆၉၈၂ ပိဿာပေါ်မှာ အာမခံစပေါ်ငွေ ကျပ်သိန်းပေါင်းတစ်သောင်းကို နုတ်ယူပြီးတော့ တန်ဖိုးသင့်တဲ့ငွေ ၁၀.၉၈၉၀ ပိဿာကို လက်ခံရရှိပြီးတော့ ကျွန်တော်တို့ဆီကို အကြွေးပေးသွင်းတဲ့ အခါမှာ ၈.၄၈၂၀၅ ကို ရရှိပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီကုမ္ပဏီများဟာ သူတို့ရဲ့ရွှေစင်ပေးသွင်းရမယ့်ကုမ္ပဏီ(A)ကတော့ ၁၀၆.၀၁၇၅ ပိဿာ၊ လုပ်ကွက်(B)က ၆၂.၇၅၃၆ ပိဿာ၊ လုပ်ကွက်(D)က ၂၅.၆၉၈၂ ပိဿာအပေါ်မှာ ကျွန်တော်တို့ အချိန်မီပြည့်မီနိုင်ရေးအတွက် ကျွန်တော်တို့ ဆောင်ရွက်တဲ့နေရာမှာ ပြီးခဲ့တဲ့လ ၉ လပိုင်း ၃၀ ရက်နေ့အထိမှာ (A) က ၅၀.၂၄၇ ပိဿာ၊ (B)က ၁၆.၇၈၉၅ ပိဿာနဲ့ လုပ်ကွက်ကြီး(D) ရွှေစင် ၁၉.၄၇၁၀၅ ပိဿာရရှိပါကြောင်း လေးစားစွာ တင်ပြ အပ်ပါတယ်ခင်ဗျား။

**နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများ ပိုမိုရရှိစေရန် ကျောက်မျက်ရတနာရောင်းချပွဲများကို နှစ်လလျှင်တစ်ကြိမ်၊ တစ်နှစ်လျှင်ခြောက်ကြိမ် ကျင်းပပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ကြွရောက်လာကြသော ဧည့်သည်တော်များအားလုံး ကာယသုခ၊ စိတ္တသုခနှစ်ဖြာ ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ပါ။ ကျောက်မျက်ရတနာပြပွဲများ ပိုမိုကျင်းပနိုင်ရေးနဲ့ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာပါ။ ဒီမေးခွန်းကိုမေးရတဲ့ အဓိကရည်ရွယ်ချက်ကတော့ နိုင်ငံတော်နှင့်နိုင်ငံသားတွေပိုင်ဆိုင်တဲ့ ကမ္ဘာမှာ အရည်အသွေးအမြင့်မားဆုံးနဲ့ အကောင်းဆုံးတွင်းထွက်ကျောက်မျက်ရတနာတွေကို နိုင်ငံတော်နဲ့ နိုင်ငံသားတွေ ပြည့်ပြည့်ဝဝ သုံးဆောင်ခံစားနိုင်ဖို့ပါ။ ကမ္ဘာမှာ ရှားမှရှားတဲ့ ငမောက်လိုပတ္တမြားတွေ၊ အရည်အသွေးအကောင်းဆုံး ကျောက်စိမ်းတောင်တွေပိုင်တဲ့ ကျွန်တော်တို့ နိုင်ငံတော်နှင့် နိုင်ငံသားတွေဟာ ဘယ်လောက်ဆင်းရဲနေတယ်ဆိုတာ အားလုံးအသိပါ။ တိုင်းပြည်ဖွံ့ဖြိုးရေးတွေလုပ်ဖို့ ဘဏ္ဍာငွေတွေမရှိတာ၊ စီမံကိန်းတွေအကောင်အထည်ဖော်ဖို့ နိုင်ငံတကာချေးငွေတွေအပေါ်မှာ မှီခို

နေရတာ၊ ဘတ်ဂျက်လိုငွေပြနေတာတွေဟာ ပကတိအခြေအနေတွေပါ။ ဒါကြောင့် တိုင်းပြည်ဖွံ့ဖြိုးရေးတွေဖော်ဆောင်နိုင်ဖို့၊ ဘဏ္ဍာငွေတွေလုံလောက်စွာရရှိဖို့ အရေးကြီးလှပါတယ်။ အဲဒီလိုရရှိဖို့ နိုင်ငံရဲ့ သယံဇာတတွေကို စနစ်တကျ စီမံခန့်ခွဲထုတ်လုပ်ရောင်းချမှုဟာ အဓိကကျလှပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ကျောက်မျက်ရတနာပြပွဲတွေကို တစ်နှစ်မှာနှစ်ကြိမ်ခန့် ကျင်းပပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ် စာရင်းအရ ကျောက်မျက်ရတနာပြပွဲ နှစ်ကြိမ်ကျင်းပခဲ့ရာမှာ ကျောက်မျက် ၂၃၆၁၁၇၂ ကာရက်၊ ကျောက်စိမ်း ၆၂၄၅ တန် စုစုပေါင်း မြန်မာငွေကျပ်သန်းပေါင်း ၁၄၇၁၁၃၀ အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၅၃၁.၆၀ ရရှိခဲ့ပါတယ်။ အခွန်ငွေကတော့ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ကျောက်မျက်နဲ့ ကျောက်စိမ်းက မြန်မာငွေကျပ်သန်းပေါင်း ၃၈၈၇၆၇ ရရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လ ပထမအပတ်မှာကျင်းပခဲ့တဲ့ (၅၄)ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲမှာ ကျောက်မျက်အတွဲ ၁၀၅ တွဲ၊ ယူရို ၃.၀၆၈ သန်း၊ ကျောက်စိမ်းတွဲ ၅၀၉၁ တွဲ ယူရို ၅၁၃.၄၃၇ သန်း စုစုပေါင်းရောင်းရငွေ ယူရို ၅၁၆.၅၀၅ သန်း ရရှိခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ကျောက်မျက်ရတနာပြပွဲတွေကို တစ်နှစ်မှာ နှစ်ကြိမ်သာ ကျင်းပနိုင်ပေမဲ့ တစ်ဖက်နိုင်ငံမှာတော့ ကျွန်တော်တို့နိုင်ငံရဲ့အကောင်းဆုံးကျောက်စိမ်းတွေနဲ့ ကျောက်မျက်ကုမ္ပဏီကြီးတွေဟာ တစ်လတစ်ကြိမ် ပြပွဲတွေပြုလုပ်ရောင်းချပြီး ကမ္ဘာ့ကျောက်စိမ်းဈေးကွက်ကြီးအဖြစ် အကျိုးအမြတ်များစွာ ရရှိနေပါတယ်။ အဲဒီအတွက် ကျွန်တော်တို့နိုင်ငံကတော့ ဘာအခွန်အခ၊ အကျိုးအမြတ်မှမရဘဲ နစ်နာလှပါတယ်။ ပြည်တွင်းမှာလည်း ကျောက်မျက်ကုမ္ပဏီကြီးများဟာ မိမိတို့ရဲ့အိမ်မှာ၊ မိမိတို့ရဲ့ကုမ္ပဏီမှာ ပြပွဲတွေပြုလုပ်ပြီး ကျောက်စိမ်းများ ရောင်းချနေတာဟာ နိုင်ငံတော်အတွက် ထိုက်တန်တဲ့ အခွန်ဘဏ္ဍာ ရရှိပါရဲ့လားဆိုတာ မေးခွန်းထုတ်စရာပါ။ နိုင်ငံတော် ကျောက်မျက်ပြပွဲတစ်ခုမှာ ကျောက်စိမ်း Lot ခြောက်ထောင်ကျော်သာ တင်ပြရောင်းချနေပြီး ကျောက်စိမ်းကုမ္ပဏီများရဲ့လက်မှာ တူးဖော်ပြီး ကျောက်စိမ်း Lot နှစ်သိန်းကျော်ရှိနေနိုင်တယ်လို့ ခန့်မှန်းရပါတယ်။ ဒါကြောင့် နိုင်ငံ့ဘဏ္ဍာငွေတိုးတက်ရရှိစေဖို့ ကျောက်ကုမ္ပဏီကြီးများ ပြင်ပတွင် တရားမဝင်ရောင်းဝယ်မှုလျော့နည်းဖို့ တစ်ဖက်နိုင်ငံကို တရားမဝင်ခိုးထုတ်ရောင်းဝယ်မှု လျှော့ချဖို့နှင့် မြန်မာနိုင်ငံမှာ မြန်မာနိုင်ငံမှာ ကျောက်မျက်ဈေးကွက်ဖွံ့ဖြိုးပြီးတော့ နိုင်ငံတော်နှင့်နိုင်ငံသားတွေ ပြည့်ပြည့်ဝဝ အကျိုးခံစားနိုင်ဖို့အတွက် အောက်ပါမေးခွန်းကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများ ပိုမိုရရှိစေရန် ကျောက်မျက်ရတနာပြပွဲများကို နှစ်လလျှင်တစ်ကြိမ်၊ တစ်နှစ်လျှင်ခြောက်ကြိမ် ကျင်းပပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မရှိပါက အဘယ်ကြောင့်ဆိုသည်ကို သိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကိုယ်စိတ်နှစ်ဖြာ၊ ကျန်းမာချမ်းသာကြပါစေ။

**ဥက္ကဋ္ဌ။** ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မကွေးတိုင်း

ဒေသကြီး၊ စေတုတ္တရာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ရဲ့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများ ပိုမိုရရှိစေရန် ကျောက်မျက်ရတနာရောင်းချပွဲများကို နှစ်လလျှင်တစ်ကြိမ်၊ တစ်နှစ်လျှင်ခြောက်ကြိမ် ကျင်းပပြုလုပ်နိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် မရှိပါက အဘယ်ကြောင့်ဆိုသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော် ဖြေကြားသွားပါမယ်။

ကျွန်တော့်ကို Power Point တင်ပြခွင့်ပြုပါ။ ကျောက်မျက်ရတနာပြပွဲများကို နိုင်ငံတော်၊ နိုင်ငံသားနဲ့ တိုင်းရင်းသားလုပ်ငန်းရှင်များအတွက် ဝင်ငွေရရှိစေရန်၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအတွက် ကုန်ကြမ်းများပိုမိုရရှိပြီး ငွေကြေးလည်ပတ်မှုနဲ့ အချောထည်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ပြီးတော့ နိုင်ငံခြားငွေနဲ့ရောင်းချတဲ့ ရတနာပြပွဲများနဲ့ မြန်မာကျပ်ငွေနဲ့ရောင်းချတဲ့ ရောင်းချပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိပါတယ်။ ခုန ကိုယ်စားလှယ်ကြီး တင်ပြသလိုပါပဲ။ မြန်မာနိုင်ငံကထွက်ရှိတဲ့ ကျောက်စိမ်း၊ ပတ္တမြားနဲ့ ပုလဲရတနာများဟာ ကမ္ဘာပေါ်မှာ အရည်အသွေးအကောင်းဆုံး ရတနာများ ဖြစ်ပါတယ်။ ကျောက်မျက်ရတနာသယံဇာတများဟာ ပြန်လည်အစားထိုးနိုင်ခြင်းမရှိတဲ့ (Non-Renewable Resources)ဖြစ်သဖြင့် ကျောက်မျက်ရတနာဈေးကွက်အနေအထားအရ ဝယ်လိုအားနဲ့ရောင်းလိုအားကို ချင့်ချိန်တွက်ဆပြီး နိုင်ငံတော်နဲ့နိုင်ငံသားများအတွက် အကောင်းဆုံးဖြစ်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ရတနာပြပွဲကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ရာမှာ ဖြစ်ပေါ်နေတဲ့ ကျောက်မျက်ရတနာဈေးကွက်အနေအထား၊ နိုင်ငံတကာကျောက်မျက်ရတနာပြပွဲများ၊ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်တက်ရောက်နိုင်မှု၊ ရတနာပစ္စည်းများ ခင်းကျင်းပြင်ဆင်ဆောင်ရွက်ရမှု၊ ပြည်တွင်းနဲ့ နိုင်ငံတကာက ရတနာကုန်သည်များထံ သတင်းအချက်အလက် ဖြန့်ဝေပေးရမယ့်အချိန်၊ ရောင်းချရတဲ့ ကျောက်မျက်ရတနာများအတွက် ငွေပေးချေရန် သတ်မှတ်ထားတဲ့ကာလစတဲ့ အခြေခံအချက်များအပေါ်မူတည်ပြီးတော့ ကျွန်တော်တို့ နေ့ရက်သတ်မှတ်ဆောင်ရွက်ရပါတယ်။ ရတနာပြပွဲတစ်ပွဲကျင်းပဖို့အတွက် ကျွန်တော်တို့ ဒီမှာကြည့်မယ်ဆိုရင် ပြပွဲကြိုတင်ပြင်ဆင်ရန်အတွက်လုပ်ငန်းအတွက် ၁၀ ရက်၊ ရတနာပစ္စည်းများ ဈေးနှုန်းများသတ်မှတ်ပြီး ခင်းကျင်းပြင်ဆင်တာက ၂၅ ရက်၊ ပြပွဲကျင်းပတာက ၁၀ ရက်၊ ပြပွဲကျင်းပပြီး ငွေပေးချေတာက ၆၀ ရက်၊ ငွေချေခြင်းမရှိတဲ့ကျောက်အတွဲများကို ပြန်လည်ထုတ်ပေးတာက ၁၅ ရက်၊ ရတနာပြပွဲကျင်းပရန် စီစဉ်တာကစပြီးတော့ လုပ်ငန်းပြီးတဲ့အထိ ရက်ပေါင်း ၁၂၀ တစ်နည်းအားဖြင့် လေးလနည်းပါးခန့် အချိန်ယူဆောင်ရွက်ရပါတယ်။ ရတနာပြပွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည် ၅၀၀၀ ခန့် တက်ရောက်လျက်ရှိပြီးတော့ ပြပွဲလုပ်ငန်းစဉ်များ အဘက်ဘက်မှပြည့်စုံစေရန် စီစဉ်ကြီးကြပ်ပံ့ပိုးသူ၊ ဆောင်ရွက်ရသူက ၃၀၀၀ ခန့်ရှိပါတယ်။ ရတနာပစ္စည်းများလုံခြုံရေး၊ ပြပွဲကိုတက်ရောက်လာတဲ့ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ လုံခြုံစွာရှိပြီးတော့ ပွင့်လင်းမြင်သာစွာ ရောင်းချပေးနိုင်ရေးအတွက် ခန်းမနေရာနဲ့ကျောက်ခင်းကွင်းများကို ပြပွဲတစ်ကြိမ်ကျင်းပရန်အတွက်သာ တည်ဆောက်ထားခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့် ပြပွဲတစ်ပွဲရဲ့လုပ်ငန်းစဉ်များ ပြီးဆုံးပြီးမှသာ နောင်ကျင်းပမယ့်ပြပွဲအတွက် ထပ်မံပြင်ဆင်မွမ်းမံလုပ်ငန်းများကို ဆောင်ရွက်ရပါတယ်။

ကျောက်မျက်ရတနာများကို တန်ဖိုးမြှင့်ထုတ်ကုန် (Value Added)အချောထည်များ၊ လက်ဝတ်ရတနာများအဖြစ် ထုတ်လုပ်ရောင်းချနိုင်ရေးကို ကြိုးပမ်းလျက်ရှိကြောင်းနဲ့ ကျောက်မျက်

ရတနာအချောထည်ကဏ္ဍ ဖွံ့ဖြိုးရေးအတွက် နေပြည်တော်၊ ရွှေကြာပင်ရပ်ကွက်မှာ ကျောက်မျက်ရတနာသင်တန်းကျောင်းနဲ့ ကျောက်မျက်ရတနာအချောထည်စျေးများကို ဖွင့်လှစ်ပြီးတော့ ကျောက်မျက်ရတနာရောင်းဝယ်ရေးဌာန(Gems Trading Center)များကိုတော့ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ မြစ်ကြီးနား၊ မိုးကုတ်စတဲ့ မြို့ကြီး(၅)မြို့မှာ ဖွင့်လှစ်နိုင်ရေးကို ကျောက်မျက်ရတနာအချောထည်၊ ကျောက်မျက်၊ ကျောက်စိမ်းအချောထည်၊ လက်ဝတ်ရတနာနဲ့သွေးပြီးတော့ ကျောက်မျက်ရတနာအချောထည်များကို ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းများက ထုတ်ပေးထားတဲ့ အရောင်းပြေစာများနဲ့ ရောင်းချနိုင်ခွင့်ပြုရန်လည်း ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ကျောက်မျက်ရတနာပွဲများကို နှစ်လတစ်ကြိမ်၊ တစ်နှစ်ခြောက်ကြိမ်ကျင်းပရန် အစီအစဉ် မရှိပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဒေါက်တာဒေါ်သက်သက်ခိုင်၊ ဒဂုံမြဲဆန္ဒနယ်က တင်သွင်းတဲ့ မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ် ဇူလိုင်လမှာ အကြိုအဖွဲ့ဝင်(Candidate)အနေဖြင့် ဝင်ရောက်ခဲ့သည့် Extractive Industries Transparency Initiative(EITI)ဆိုသည့် သဘာဝသယံဇာတတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာပွင့်လင်းမြင်သာမှုရှိရေး ဆောင်ရွက်နေသည့်အဖွဲ့ကြီး၏ တိုက်တွန်းချက်နှင့်အညီ သဘာဝသယံဇာတတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍမှရရှိသည့် နိုင်ငံတော်၏ဝင်ငွေများကို နိုင်ငံသားများသို့ ပွင့်လင်းမြင်သာစွာချပြပြီး ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ အလုံးစုံဝင်ရောက်နိုင်ရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒဂုံမြဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင်က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါက်တာဒေါ်သက်သက်ခိုင်အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဒေါ်သက်သက်ခိုင်(ဒဂုံမြဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်သက်သက်ခိုင်ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ် ဇူလိုင်လမှာ အကြိုအဖွဲ့ဝင်(Candidate)အနေနဲ့ ဝင်ရောက်ခဲ့တဲ့ Extractive Industries Transparency Initiative (EITI)ဆိုတဲ့ သဘာဝသယံဇာတတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေး၊ ဆောင်ရွက်နေတဲ့ အဖွဲ့ကြီးရဲ့တိုက်တွန်းချက်နှင့်အညီ သဘာဝသယံဇာတတူးဖော်ထုတ်လုပ်ခြင်းမှရရှိတဲ့ နိုင်ငံတော်ရဲ့ဝင်ငွေများကို နိုင်ငံသားများသို့ ပွင့်လင်းမြင်သာစွာချပြပြီး ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ အလုံးစုံဝင်ရောက်နိုင်ရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်သို့ တင်သွင်းသွားမှာဖြစ်ပါတယ်ရှင်။

ကျွန်မအနေနဲ့ ဒီအဆိုကို ဘာကြောင့်တင်သွင်းရတာလဲဆိုရင် မြန်မာနိုင်ငံဟာ သဘာဝ သယံဇာတကြွယ်ဝပါတယ်။ ဒါပေမဲ့လည်း နိုင်ငံသူနိုင်ငံသားများအနေနဲ့ သဘာဝသယံဇာတကြွယ်ဝ ခြင်းရဲ့အကျိုးကို မခံစားရသေးတဲ့အပြင် မြန်မာနိုင်ငံဟာလည်း ကမ္ဘာ့ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတစ်ခု အနေနဲ့ ရပ်တည်နေခဲ့ရတာ နှစ်ပေါင်း ၃၀ ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ Natural Resource Governance Institute လို့ခေါ်တဲ့ သဘာဝသယံဇာတစီမံအုပ်ချုပ်ခြင်းနှင့်ဆိုင်တဲ့ အဖွဲ့အစည်းက ထုတ်ပြန်တဲ့ ၂၀၁၇ ခုနှစ် Resource Governance Index လို့ခေါ်တဲ့ သဘာဝသယံဇာတ အုပ်ချုပ်မှုဆိုင်ရာညွှန်းကိန်းအရ မြန်မာနိုင်ငံဟာ သဘာဝသယံဇာတထွက်ရှိတဲ့ ကမ္ဘာ့နိုင်ငံများထဲမှ စုစုပေါင်း ၈၉ မှာ ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ခြင်းကဏ္ဍက အဆင့်(၇၇)ဖြစ်ပြီး၊ သတ္တုတူးဖော်ခြင်းကဏ္ဍမှာ အဆင့်(၈၃)ချိတ်ပါတယ်။ ဆိုလိုတဲ့အဓိပ္ပာယ်ကတော့ မြန်မာနိုင်ငံသူ နိုင်ငံသားများအနေနဲ့ သဘာဝသယံဇာတတူးဖော်ထုတ်လုပ်ခြင်းမှရရှိလာတဲ့ အကျိုးကျေးဇူးများကို ခံစားခွင့်အနည်းဆုံး ၁၃ နိုင်ငံထဲမှာ ပါဝင်နေတာဖြစ်ပါတယ်။ ကျွန်မအနေနဲ့ နိုင်ငံသူနိုင်ငံသားများ အားလုံး အကျိုးခံစားခွင့်ရှိတဲ့၊ တည့်မတ်မှန်ကန်တဲ့ သယံဇာတဆိုင်ရာစီမံခန့်ခွဲခြင်းကို ပြည်ထောင်စု အစိုးရမှ ထိရောက်စွာဆောင်ရွက်နိုင်ဖို့ အားလုံးပါဝင်တဲ့ ကြွယ်ဝချမ်းသာခြင်းဆိုတဲ့ ဖွံ့ဖြိုးမှု အခြေအနေတစ်ခုကိုရောက်ဖို့ တွန်းအားပေးချင်တဲ့အတွက် ဒီအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံတော်ဆိုတာဟာ နိုင်ငံတစ်ခုရဲ့နယ်နိမိတ်အတွင်းမှာရှိတဲ့ မြေထု၊ ရေထု၊ လေထုနှင့် သဘာဝသယံဇာတများအပြင် ၎င်းနိုင်ငံမှာ မှီတင်းနေထိုင်ကြတဲ့ နိုင်ငံသူနိုင်ငံသားများ အားလုံးကို စုပေါင်းပြီးခေါ်ဝေါ်တာဖြစ်ပါတယ်။ ဒီမိုကရေစီခေတ်များမှာ အစိုးရဆိုတာကတော့ သက်ဆိုင်ရာဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူမှ ပြည်သူအားလုံးရဲ့ကိုယ်စား နိုင်ငံတော်ရဲ့အရေး ကိစ္စများကို စီမံခန့်ခွဲဖို့ ရွေးချယ်တင်မြှောက်ခြင်းခံရတဲ့ အချုပ်အခြာအာဏာပိုင်တဲ့အဖွဲ့အစည်းတစ်ခု ဖြစ်ပြီး ၎င်းဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းထားတဲ့အတိုင်း သက်တမ်းရှိတဲ့ ပြည်သူ့ရေးရာများ စီမံခန့်ခွဲရတဲ့အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်ရှင်။ အဲဒါကြောင့် ဒီမိုကရေစီခေတ်များမှာ အစိုးရတစ်ရပ် ဟာ ၎င်းတို့ကိုတင်မြှောက်လိုက်တဲ့ပြည်သူကို တာဝန်ခံရပါတယ်။ အဲဒါကြောင့် ပြည်သူအများ စုပေါင်းပိုင်ဆိုင်တဲ့ သဘာဝသယံဇာတများကို ပြည်သူရွေးချယ်တင်မြှောက်လိုက်တဲ့အစိုးရများက ပြည်သူ့အကျိုးအတွက် ဘယ်လိုစီမံခန့်ခွဲနေတယ်ဆိုတာကို နိုင်ငံသားများသိအောင် အစီရင်ခံဖို့ လိုအပ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ် ဇူလိုင်လမှာ EITI ရဲ့ Candidate အနေနဲ့ ဝင်ရောက်ခဲ့တာဟာ ဒီမိုကရေစီရဲ့အနှစ်သာရနဲ့လွန်စွာမှကိုက်ညီပြီး EITI Candidate ရဲ့တာဝန်အရ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှာ ပထမဦးဆုံးအကြိမ် မြန်မာ EITI အစီရင်ခံစာထွက်လာတာဟာလည်း ဒီမိုကရေစီအစိုးရရဲ့အဓိကကျတဲ့ ခြေလှမ်းတစ်ခုဖြစ်ပါတယ်ရှင်။ ၎င်းအစီရင်ခံစာအရ မြန်မာနိုင်ငံရဲ့ သဘာဝသယံဇာတတူးဖော်ထုတ်လုပ်တဲ့ကဏ္ဍမှာ အဓိကအားဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော် ထုတ်လုပ်ခြင်း၊ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်းနှင့် အခြားသတ္တုများတူးဖော်ထုတ်လုပ်ခြင်း ဆိုပြီး အပိုင်းသုံးပိုင်းပါဝင်ပါတယ်။ ဒီအစီရင်ခံစာအရ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ သဘာဝ သယံဇာတထုတ်လုပ်ခြင်းမှရရှိတဲ့ဝင်ငွေဟာ အစိုးရတစ်ရပ်လုံး စုစုပေါင်းဝင်ငွေရဲ့ ၂၃.၆ ရာခိုင်နှုန်း ရှိပြီး စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုရဲ့ဝန်ဆောင်မှု ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး GDP

ရဲ့ ခြောက်ရာခိုင်နှုန်းရှိတယ်လို့ ဖော်ပြပါရှိပါတယ်။ သဘာဝသယံဇာတတူးဖော်ခြင်းကနေရရှိတဲ့ ဝင်ငွေစုစုပေါင်းရဲ့ ၈၅ ရာခိုင်နှုန်းဟာ ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်ခြင်းကဖြစ်ပြီး ၁၃ ရာခိုင်နှုန်းကိုတော့ ကျောက်မျက်တူးဖော်ခြင်းမှလည်းကောင်း ကျန်နှစ်ရာခိုင်နှုန်းကတော့ သတ္တုတူးဖော်ခြင်းမှ ရရှိတယ်လို့ ဆိုပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေရဲ့ဝင်ငွေတွေဟာ အခွန်အကောက်မှရရှိတဲ့ ဝင်ငွေ၊ အခွန်အကောက်မဟုတ်တဲ့ဝင်ငွေဆိုပြီးနဲ့ အခြားဝင်ငွေဆိုပြီး သုံးမျိုးရှိပါတယ်။ အခွန်အကောက်မှ ရရှိတဲ့ဝင်ငွေများကတော့ စီးပွားရေးလုပ်ငန်းများမှပေးဆောင်တဲ့ အမြတ်ခွန်၊ လူတစ်ဦးချင်းစီမှ ပေးဆောင်တဲ့ ဝင်ငွေခွန်နဲ့ ကုန်သွယ်ခွန်တို့အဓိကပါဝင်ပါတယ်။ အခွန်မဟုတ်တဲ့ဝင်ငွေတွေကတော့ သဘာဝသယံဇာတတူးဖော်ထုတ်လုပ်ခြင်းမှရတဲ့ Royalty နဲ့ ထုတ်လုပ်မှုဝေစုတို့က အဓိကဖြစ်ပါတယ်။ မြန်မာ EITI ၂၀၁၆ ခုနှစ် အစီရင်ခံစာအရ ၎င်းသဘာဝသယံဇာတတူးဖော်ထုတ်လုပ်မှုကဏ္ဍက ရရှိတဲ့ဝင်ငွေရဲ့ တစ်ဝက်ကျော်ကျော်ပဲ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေထဲထည့်ဝင်ပြီး ကျန်တစ်ဝက်နီးပါးကတော့ သက်ဆိုင်ရာနိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများရဲ့ အခြားရန်ပုံငွေထဲရောက်သွားတာကို ထူးဆန်းစွာတွေ့ရှိရပါတယ်။ အဲဒီလို ဆောင်ရွက်နေခြင်းဟာ နိုင်ငံသားများစုပေါင်းပိုင်ဆိုင်တဲ့ သဘာဝသယံဇာတမှ ရရှိတဲ့ဝင်ငွေများကို နိုင်ငံသားများအကျိုးအတွက် အသုံးပြုမယ့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေထဲ အပြည့်အဝမရောက်တာကို တွေ့ရှိရပါတယ်။ ဒါ့အပြင် ဒီအစီရင်ခံစာမှာ သဘာဝသယံဇာတတူးဖော်ခြင်း၊ လိုင်စင်လျှောက်ထားခြင်းနဲ့ဆိုင်တဲ့ အချက်အလက်များ၊ လိုင်စင်ချပေးတဲ့ လုပ်ထုံးလုပ်နည်းနဲ့ လိုင်စင်ချထားရာမှာ ဘယ်လိုစံသတ်မှတ်ချက်တွေနဲ့ တိုက်ဆိုင်စိစစ်ဆုံးဖြတ်တယ်ဆိုတဲ့အချက်လည်း မပါဝင်သေးပါဘူးရှင်။ ဒီအစီရင်ခံစာမှာ လိုင်စင်ချထားခံရတဲ့ကုမ္ပဏီနဲ့ အစိုးရတို့ အကြား ချုပ်ဆိုတဲ့ စာချုပ်စာတမ်းပါအချက်အလက်များကိုလည်း အများပြည်သူသိသာထင်ရှားအောင် ချပြနိုင်ခြင်းမရှိသေးတာကို တွေ့ရှိရပါတယ်ရှင်။ ၂၀၁၆ ခုနှစ် မြန်မာ EITI အစီရင်ခံစာမှာ သဘာဝသယံဇာတတူးဖော်ထုတ်လုပ်ခြင်းက ရရှိတဲ့ဝင်ငွေတွေကို Project တစ်ခုချင်းစီအလိုက် ဖော်ပြဖို့ လိုအပ်နေသေးတာကိုလည်း တွေ့ရှိရပါတယ်။ ဒါ့အပြင် ၎င်းအစီရင်ခံစာမှာ မြန်မာ့ကျောက်မျက်ရတနာပြပွဲမှာပါဝင်တဲ့ ကျောက်မျက်ကုမ္ပဏီကြီးများရဲ့ ၅၄ ရာခိုင်နှုန်းသော ဝင်ငွေသာပါဝင်လို့ သဘာဝသယံဇာတတူးဖော်ထုတ်လုပ်ခြင်း ကဏ္ဍကြီးတစ်ခုလုံးရဲ့ဝင်ငွေကို အပြည့်အဝ ကိုယ်စားမပြုနိုင်သေးကြောင်း တွေ့ရှိရပါတယ်ရှင်။ အဲဒါကြောင့် ကျောက်မျက်ရတနာကဏ္ဍမှ ရောင်းရငွေပမာဏကိုပြောရရင် မြန်မာ EITI အစီရင်ခံစာမှာ US ဒေါ်လာ သန်း ၃၈၀ သာဖော်ပြပြီး အခြားသီးခြားလွတ်လပ်တဲ့ အဖွဲ့အစည်းများရဲ့ ခန့်မှန်းပမာဏထက် များစွာလျော့နည်းနေတာကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နိဂုံးချုပ်အနေနဲ့ပြောရရင် မြန်မာနိုင်ငံအနေနဲ့ EITI ရဲ့စံချိန်စံညွှန်း၊ လမ်းညွှန်ချက်၊ တိုက်တွန်းချက်နဲ့ လုပ်ရန်တာဝန်များကို တတ်နိုင်သမျှ ကိုက်ညီအောင်ဆောင်ရွက်ခြင်းဟာ သဘာဝသယံဇာတတူးဖော်ထုတ်လုပ်ခြင်း ကဏ္ဍကြီးတစ်ခုလုံးကို ရေရှည်မှာတိုးတက်စေပြီး ၎င်းကဏ္ဍမှရရှိတဲ့ တိုင်းပြည်ရဲ့ဝင်ငွေများကို နိုင်ငံသူ/နိုင်ငံသားများရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပိုမိုဆောင်ရွက်လာနိုင်မှာဖြစ်ပါတယ်ရှင်။ ပထမအဆင့်အနေနဲ့ သဘာဝသယံဇာတတူးဖော်ထုတ်လုပ်ခြင်းမှရရှိတဲ့ဝင်ငွေကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေထဲ အလုံးစုံဝင်ရောက်အောင် ပြုပြင်ပြောင်းလဲမှုများ လုပ်ဖို့လိုပါလိမ့်မယ်။ ဒုတိယအဆင့်အနေနဲ့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကို တိုင်းပြည်နှင့်လူမျိုး

အမှန်တကယ်အကျိုးရှိအောင် ပွင့်လင်းမြင်သာစွာ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရှိနဲ့ သုံးစွဲရမှာဖြစ်ပါတယ် ရှင်။ ဒါ့အပြင် EITI စံချိန်စံညွှန်းတွေအရ ပုဂ္ဂလိကကုမ္ပဏီများကို လိုင်စင်ချထားဆောင်ရွက်စေခြင်း ဟာလည်း လူမှုရေးအရ တာဝန်ယူမှုရှိတဲ့ ပြည်တွင်းမှာရော နိုင်ငံတကာကပါ လေးစားရတဲ့ ဂုဏ်သိက္ခာရှိတဲ့ ရေရှည်တည်တံ့အောင်မြင်တဲ့ ကုမ္ပဏီကြီးများဖြစ်လာအောင် ပြုစုပျိုးထောင်ရာလည်း ရောက်ပါတယ်။ အဓိကအားဖြင့် လက်ရှိမြန်မာနိုင်ငံက ရင်ဆိုင်နေရတဲ့ ပြည်သူ့ဘဏ္ဍာဖြုန်းတီးခြင်း အကျပ်အတည်းကိုလည်း ဖြေရှင်းရာရောက်ပါတယ်။ အဲဒါကြောင့် ကျွန်မအနေနဲ့ မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ် ဇူလိုင်လမှာ အဖွဲ့ဝင် Candidate အနေနဲ့ ဝင်ရောက်ခဲ့တဲ့ Extractive Industries Transparency Initiative(EITI) ဆိုတဲ့ သဘာဝသယံဇာတ တူးဖော်ထုပ်လုပ်ခြင်းဆိုင်ရာ ပွင့်လင်း မြင်သာမှုရှိရေးဆောင်ရွက်နေတဲ့ အဖွဲ့ကြီးရဲ့တိုက်တွန်းချက်နှင့်အညီ သဘာဝသယံဇာတတူးဖော် ထုတ်လုပ်ခြင်းကဏ္ဍအား ယခုထက် ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် သဘာဝသယံဇာတ တူးဖော် ထုတ်လုပ်ခြင်းမှရရှိတဲ့ နိုင်ငံတော်ရဲ့ဝင်ငွေများကို နိုင်ငံသားများသို့ ပွင့်လင်းမြင်သာစွာချပြပြီး ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ အလုံးစုံဝင်ရောက်နိုင်ရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ တင်သွင်းလိုက်ရပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာဒေါ်သက်သက်ခိုင် တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးရည်မွန်(ပုဗ္ဗသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပုဗ္ဗသီရိမဲဆန္ဒနယ်က ဦးရည်မွန် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ EITI အဖွဲ့က တိုက်တွန်းချက်တွေနဲ့အညီ ကျွန်တော်တို့နိုင်ငံရဲ့ သယံဇာတဝင်ငွေတွေကို တိုင်းပြည်ကို ပွင့်လင်းမြင်သာစွာချပြရေးနှင့် ဒီဝင်ငွေအားလုံး ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေထဲ အလုံးစုံ ရောက်ရှိရေး စီစဉ်ဆောင်ရွက်ဖို့ တိုက်တွန်းထားတဲ့ ဒဂုံမဲဆန္ဒနယ်က ဒေါက်တာဒေါ်သက်သက်ခိုင်ရဲ့ အဆိုအပေါ်မှာ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပထမဆုံးအနေနဲ့ EITI အဖွဲ့ကြီးက သူ့ရဲ့ အဖွဲ့ဝင်နိုင်ငံတွေကို ဘာတွေဆောင်ရွက်ဖို့ တိုက်တွန်းထားသလဲဆိုတာ ကျွန်တော်တို့နားလည်ဖို့ဆိုရင် EITI ဆိုတာဘာလဲ။ EITI နှင့် မြန်မာနိုင်ငံ ဘယ်လိုပတ်သက်သလဲ။ ဒါကို ကျွန်တော်တို့ အရင် အကျဉ်းမျှဆွေးနွေးဖို့ လိုအပ်ပါလိမ့်မယ်။ အဲဒီတော့ Extractive Industries Transparency Initiative လို့ခေါ်တဲ့ သယံဇာတတူးဖော်ထုတ်လုပ်တဲ့လုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး အားပေးမြှင့်တင်တဲ့နိုင်ငံတကာအဖွဲ့ကြီးအနေနဲ့ သူ့အဖွဲ့ဝင်နိုင်ငံတွေရဲ့ Resources Governance သယံဇာတတူးဖော်ထုတ်လုပ်မှုလုပ်ငန်းတွေမှာ စီမံအုပ်ချုပ်မှုပိုမိုကောင်းစေဖို့အတွက် ရည်ရွယ်ချက် နဲ့ အဖွဲ့ဝင်နိုင်ငံတွေအားလုံး သဘောတူချမှတ်ထားတဲ့ EITI Standard ဆိုတာ ရှိပါတယ်။ ဒီ Standard ရဲ့အချုပ်ကတော့ (၁)အချက်က Location of Right ခွင့်ပြုမိန့်လိုင်စင်တွေကို ဘယ်လို စည်းမျဉ်း၊ စည်းကမ်းတွေနဲ့ ဘယ်သူတွေကို၊ ဘယ်ကုမ္ပဏီတွေကို ချပေးနေတာလဲ ပွင့်လင်းမြင်သာ ရှိဖို့။ (၂)အချက်က Production Data ဘယ်လိုသယံဇာတအမျိုးအစားတွေကို ပမာဏ(Volume) အားဖြင့် ဘယ်လောက်၊ တန်ဖိုး(Value)အားဖြင့် ဘယ်လောက်ထုတ်လုပ်နေသလဲ ပွင့်လင်းမြင်သာ ရှိဖို့။ တတိယအချက်အနေနဲ့ကတော့ Revenue collection အခွန်တွေကို ဘယ်လိုစနစ်နဲ့ ဘယ်လို

ကောက်ခံနေတာလဲ၊ ဘယ်လောက်ကောက်ခံရရှိသလဲ ပွင့်လင်းမြင်သာရှိဖို့။ နောက် Sub National လို့ခေါ်တဲ့ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရတွေအနေနဲ့ ကောက်ခံတဲ့အခွန်တွေ ရှိတယ်ဆိုရင်လည်း ဒီသတင်းအချက်အလက်တွေ ပွင့်လင်းမြင်သာဖို့။ နောက် SEE, SOE-State Own Economic Enterprises တွေဟာ သယံဇာတလုပ်ငန်းတွေမှာ ပါဝင်နေတယ်ဆိုရင်လည်း ပုဂ္ဂလိကကုမ္ပဏီများ နည်းတူ ပွင့်လင်းမြင်သာရှိဖို့။ နောက်တစ်ချက်က Social Impact ဒီသယံဇာတလုပ်ငန်းတွေကြောင့် ဘယ်လို Impact တွေ၊ ဘယ်လိုကောင်းကျိုးဆိုးပြစ်တွေရှိနေသလဲ။ ဒီသတင်းအချက်အလက်တွေ ပါဝင်ဖို့။ နောက်ဆုံးအနေနဲ့ကတော့ Revenue Management ရရှိတဲ့ အခွန်ဝင်ငွေတွေကို ဘယ်လို စီမံခန့်ခွဲသုံးစွဲနေသလဲ ပွင့်လင်းမြင်သာရှိဖို့။ ဒီအချက်တွေပါဝင်ပါတယ်။

အခု ဒေါက်တာဒေါ်သက်သက်ခိုင် တင်သွင်းတဲ့အဆိုဆိုရင် Revenue Management နဲ့ တိုက်ရိုက်သက်ဆိုင်တယ်လို့ ပြောလို့ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံအနေနဲ့ ၂၀၁၄ ခုနှစ်မှာ EITI ရဲ့ Candidate Member အဖွဲ့ဝင်လောင်းဖြစ်ခဲ့တယ်။ ၂၀၁၆ ခုနှစ် နှစ်ဆန်းမှာ သူရဲ့ပထမ အစီရင်ခံစာ ဒါတိုင်းသိပြည်သိ၊ ကမ္ဘာသိ ထုတ်ပြန်နိုင်ခဲ့တယ်။ အခု ဒုတိယအစီရင်ခံစာထုတ်ပြန်ဖို့ ပြင်ဆင်နေတယ်လို့လည်း ကျွန်တော်တို့ သိရပါတယ်။ ဒီအစီရင်ခံစာပေါ်ထွက်လာတဲ့အခါ အရည်အချင်းပြည့်မီတယ်ဆိုရင် မြန်မာနိုင်ငံအနေနဲ့ Compliant Member တင်းပြည့်အဖွဲ့ဝင်အဖြစ် မျှော်လင့်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီတော့ ဒေါက်တာဒေါ်သက်သက်ခိုင်ရဲ့တိုက်တွန်းချက်မှာ ဒီ သယံဇာတဝင်ငွေတွေကို ပွင့်လင်းမြင်သာစွာ တိုင်းပြည်ကို ချပြပြီးတော့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ထဲ အလုံးစုံဝင်ရောက်ရေး စီစဉ်ဆောင်ရွက်ပေးပါလို့ တိုက်တွန်းထားတာဖြစ်တဲ့အတွက် ဒီရှေ့မှာရော သယံဇာတဝင်ငွေတွေကို ဘယ်လိုစီမံခန့်ခွဲသုံးစွဲနေသလဲဆိုတာ ပြန်ကြည့်ဖို့ လိုအပ်လာပါတယ်။ အဲဒီ တော့ ဒီ ၂၀၁၆ ခုနှစ် နှစ်ဆန်းက ထုတ်ပြန်တဲ့ EITI အစီရင်ခံစာအရဆိုရင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အတွင်းမှာ သယံဇာတလုပ်ငန်းတွေထဲက ကဏ္ဍနှစ်ရပ်ကနေပြီးတော့မှ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃.၁၄ ဘီလီယံ ရရှိခဲ့တယ်လို့ သိရပါတယ်။ ဒါ ကဏ္ဍနှစ်ရပ်ပဲ ဖြစ်ပါတယ်။ ကဏ္ဍတစ်ရပ်က Oil and Gas ရေနံနှင့် သဘာဝဓာတ်ငွေ့။ နောက်ကဏ္ဍတစ်ခုကတော့ Mining။ Mining ထဲမှာ ကျောက်စိမ်း၊ ကျောက်မျက်အပါအဝင် သတ္တုလုပ်ငန်းအမျိုးမျိုးပါဝင်ပါတယ်။ ဒီကဏ္ဍနှစ်ရပ်က ၃.၁၄ ဘီလီယံ အမေရိကန်ဒေါ်လာရရှိခဲ့တာဖြစ်ပါတယ်။ ကျန်တဲ့ သစ်တောသယံဇာတတို့၊ နောက် ရေသယံဇာတ အသုံးပြုပြီးဆောင်ရွက်တဲ့ လျှပ်စစ်လုပ်ငန်း၊ ရေအားလျှပ်စစ်လုပ်ငန်းတွေရဲ့ဝင်ငွေတွေ ဒီအစီရင်ခံစာ ထဲမှာ မပါသေးပါဘူး။ သို့သော် ဒီနေရာမှာ ၃.၁၄ ဘီလီယံဒေါ်လာထဲက ၅၀ ရာခိုင်နှုန်းသာလျှင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေထဲကို ထည့်ဝင်ပြီးတော့မှ ကျန်တဲ့ ၅၀ ရာခိုင်နှုန်းကတော့ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်း SEE တွေ စီမံကိုင်တွယ်တဲ့ Other Account ဆိုတာထဲကို ဝင်ရောက်သွားခဲ့တာ ထူးဆန်းတယ်လို့လည်း ရှေ့မှာ အဆိုရှင်က တင်ပြသွားခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီတော့ ဒီ ၃.၁၄ ဘီလီယံရဲ့ ၈၅ ရာခိုင်နှုန်းဟာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ရရှိခဲ့တယ်။ ဒီဝင်ငွေထဲက ၄၀ ရာခိုင်နှုန်းကိုပဲ MOGE လို့ခေါ်တဲ့ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ၄၀ ရာခိုင်နှုန်း မြန်မာ ကျပ်ငွေ ၈၈၀ ဘီလီယံကိုသာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေထဲကို ထည့်တယ်။ ကျန်တဲ့ ၆၀ ရာခိုင်နှုန်း ဖြစ်တဲ့ ၁၃၂၀ ဘီလီယံမြန်မာကျပ်ငွေကတော့ MOGE ရဲ့ Other Account ထဲကို ဝင်ရောက်သွားခဲ့ တယ်ဆိုတာ ကျွန်တော်တို့ တွေ့ရှိရပါတယ်။ အဲဒီတော့ ဒီ Other Account ဆိုတာ ဘယ်အချိန်ကစပြီး

ပေါ်လာတာလဲ ပြန်ကြည့်တဲ့အခါကျတော့ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၃ ရက် ရက်စွဲနဲ့ အဲဒီအချိန်က ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ထုတ်ပြန်တဲ့ အမိန့်ကြော်ငြာစာတစ်ခုကို အကြောင်းပြုပြီးတော့ ပေါ်ပေါက်လာခဲ့တယ်ဆိုတာ ကျွန်တော်တို့တွေ့ရပါတယ်။ အဲဒီတော့ အမျိုးသားလွှတ်တော်မှာလည်း Other Account ကိစ္စ မေးခွန်းမေးမြန်းတဲ့အချိန်မှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး လာရောက်ရှင်းလင်းဖြေဆိုတဲ့အခါမှာ ဒီ SEE တွေအနေနဲ့ ကုန်ထုတ်လုပ်မှုနဲ့ ကုန်ထုတ်လုပ်ငန်းဆောင်ရွက်ချက်တွေက ရရှိတဲ့ဝင်ငွေတွေကို Other Account ထဲကို ထည့်ခွင့်ပြုထားတယ်။ ရည်ရွယ်ချက်ကဘာလဲ။ ဒီ SEE တွေအနေနဲ့ ကိုယ့်ကိုယ်ပိုင်ငွေကြေးပေါ်မှာရပ်တည်နိုင်ဖို့၊ စီးပွားရေး ဆန်ဆန်ဆောင်ရွက်နိုင်ဖို့ နိုင်ငံတော်အနေနဲ့လည်း ဒီ SEE တွေကြောင့် ဘဏ္ဍာရေးဝန်ထုပ်ဝန်ပိုးမဖြစ်ဖို့ ဆိုပြီးတော့ အကြောင်းပြချက်ပေးထားတာ တွေ့ရပါတယ်။ သို့သော် Other Account တွေဟာ ဘတ်ဂျက်လုပ်ငန်းစဉ်ရဲ့ပြင်ပ(Off Budget)ဆောင်ရွက်နေတာတော့မဟုတ်ဘူး။ ဘတ်ဂျက်အတွင်း ကသာ ဆောင်ရွက်နေတာဖြစ်တယ်လို့လည်း ရှင်းလင်းသွားတာ ကျွန်တော်တို့ကြားရပါတယ်။ သို့သော် ဒီနေရာမှာ Other Account တွေနဲ့ပတ်သက်ရင် အဓိကအားဖြင့် မေးခွန်းထုတ်စရာ၊ ဝေဖန်ထောက်ပြစရာ အကြောင်းသုံးချက်လောက်ရှိပါတယ်။

ပထမအချက်ကဘာလဲ။ Other Account ထဲကပိုက်ဆံတွေက ပမာဏအားဖြင့် များလှတယ်။ သယံဇာတဝင်ငွေအားလုံးရဲ့ ၅၀ ရာခိုင်နှုန်း။ ဘီလီယံဒေါ်လာနဲ့ချီတဲ့ပိုက်ဆံတွေ ဖြစ်နေတယ်။ ဒါက တစ်ချက်။ ဒုတိယအချက်အနေနဲ့ Other Account ဆိုတာ သူနဲ့သက်ဆိုင်တဲ့ SEE ကပဲ စီမံခန့်ခွဲသုံးစွဲခွင့်ရတဲ့သဘောဖြစ်နေတယ်။ ကျန်တဲ့ပညာရေးတို့၊ ကျန်းမာရေးတို့ ဖွံ့ဖြိုးရေးလုပ်ငန်းကဏ္ဍတွေက ဒီငွေကိုမျှဝေသုံးစွဲခွင့်မရတော့ဘူးဆိုတဲ့အဓိပ္ပာယ်သက်ရောက်နေပါတယ်။ နောက်တစ်ချက်က ဒီ SEE တွေက ကိုယ့်ရန်ပုံငွေနဲ့ကိုယ်ရပ်တည်တယ်၊ သုံးစွဲတယ်ဆိုပေမဲ့ ဒီငွေတွေကလည်း နိုင်ငံတော်ရဲ့ဘဏ္ဍာငွေပဲ ဖြစ်နေတယ်ဆိုတဲ့အချက် ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံရဲ့ အခြေအနေပြန်ကြည့်ရင် ဘတ်ဂျက်လိုငွေကလည်းနှစ်စဉ်ပြနေတယ်။ ဒီနှစ်ဆိုရင် အမေရိကန်ဒေါ်လာ လေးဘီလီယံဝန်းကျင်လောက်ကို ရှိနေတယ်။ ပြည်တွင်းပြည်ပကြွေးမြီတွေကလည်း ဘီလီယံ ဆယ်နဲ့ ချီပြီးတော့ တင်ရှိနေတဲ့အချိန်မှာ၊ ဒီလိုအားနည်းနေတဲ့အချိန်မှာ SEE တွေက ငွေကြေးပမာဏ အမြောက်အမြား ကိုင်တွယ်စီမံနေတယ်ဆိုတာ သင့်လျော်ရဲ့လားပြန်သုံးသပ်ဖို့ လိုအပ်ပါတယ်။ အဲဒီတော့ အမျိုးသားလွှတ်တော်မှာ မနှစ်က ဇူလိုင်လမှာပေါ့။ အဲဒီမှာ စီမံကိန်းနဲ့ဘဏ္ဍာရေးဒုတိယဝန်ကြီး လာရှင်းပြတဲ့အထဲမှာ ဘာတစ်ချက်ပါသလဲဆိုတော့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း ဒီ Other Account တွေကို ပြန်ပြီးစိစစ်သုံးသပ်ဖို့ လမ်းညွှန်ထားတယ်ဆိုတဲ့အချက်ပါပါတယ်။ အဲဒီတော့ အခုဆိုရင် နှစ်ကာလအားဖြင့် တစ်နှစ်ကျော်ကြာခဲ့ပြီဖြစ်တဲ့အတွက် ဝန်ကြီးဌာနအနေနဲ့စိစစ်သုံးသပ်ပြီး ဖြစ်လိမ့်မယ်လို့လည်း ကျွန်တော်တို့မြင်ပါတယ်။ အဲဒီတော့ ဒီစိစစ်သုံးသပ်ချက်ကိုလည်း လွှတ်တော်ကို ပြန်ပြီးတော့ ရှင်းလင်းတင်ပြဖို့လည်း ကျွန်တော်တို့မျှော်လင့်ပါတယ်။ အဲဒီတော့ ကိုယ့်ဘက်က ကိုယ့်မှာအားနည်းနေတဲ့အချိန်မှာ ရှိစုမဲ့စုအင်အားလေးကို ဟိုနားနည်းနည်း၊ ဒီနားနည်းနည်းဖြန့်ခွဲထားတာနဲ့စာရင် တစ်နေရာတည်းမှာ တစ်စုတစ်စည်းထဲထားပြီးတော့မှ အကျိုးအရှိဆုံး၊ အားအပါဆုံး စီမံခန့်ခွဲတာက ပိုပြီးသင့်လျော်မယ်လို့ယူဆတဲ့အတွက် ဒေါက်တာဒေါ်သက်သက်ခိုင်ရဲ့အဆိုကို ကျွန်တော် ထောက်ခံဆွေးနွေးခြင်း ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့လည်း ရှုထောင့်

အမျိုးမျိုးကနေပြီးတော့ Other Account ကိစ္စပါဝင်ဆွေးနွေးကြဖို့ လိုအပ်နေတာဖြစ်တဲ့အတွက် ဒီအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးပေးပါလို့ တိုက်တွန်းရင်းနဲ့ကျွန်တော့်ဆွေးနွေးချက်ကို နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒဂုံမြဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံထားပါတယ်။ ဒီအဆိုနဲ့စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဒေါက်တာဒေါ်သက်သက်ခိုင် တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် ဒေါက်တာဒေါ်သက်သက်ခိုင်၊ ဒဂုံမြဲဆန္ဒနယ်က တင်သွင်းတဲ့ မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ် ဇူလိုင်လမှာ အကြိုအဖွဲ့ဝင်(Candidate)အနေဖြင့် ဝင်ရောက်ခဲ့သည့် Extractive Industries Transparency Initiative(EITI)ဆိုသည့် သဘာဝသယံဇာတတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေး ဆောင်ရွက်နေသည့်အဖွဲ့ကြီး၏ တိုက်တွန်းချက်နှင့်အညီ သဘာဝသယံဇာတတူးဖော်ထုတ်လုပ်ခြင်း ကဏ္ဍမှရရှိသည့် နိုင်ငံတော်၏ဝင်ငွေများကို နိုင်ငံသားများသို့ ပွင့်လင်းမြင်သာစွာချပြပြီး ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေသို့ အလုံးစုံဝင်ရောက်နိုင်ရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## ဒေါက်တာဒေါ်သက်သက်ခိုင်၊ ဒဂုံမြဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနဲ့စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂၀-၁၀-၂၀၁၇ ရက်(သောကြာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြား ရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကြမ်းကို တင်သွင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအား ဖိတ်ခေါ်ပါတယ်။

**သူရဦးအောင်ကို(ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ၊ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ ကျွန်တော် တင်သွင်းမှာကတော့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကို ပြင်ဆင်ရေးဆွဲသည့် ဥပဒေကြမ်းဖြစ်ပါတယ်။ အကျိုးအကြောင်းဖော်ပြချက်အနေနဲ့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက စီမံခန့်ခွဲလျက်ရှိတဲ့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေအရ ဤဝန်ကြီးဌာနက ထုတ်ပြန်မယ့်နည်းဥပဒေများအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ဥပဒေအကြံပြုချက်များ တောင်းခံခဲ့တဲ့နေရာမှာ ဥပဒေသည် ခေတ်နှင့်လျော်ညီမှုအားနည်းလျက်ရှိသည်ဟု သုံးသပ်ရကြောင်း၊ နည်းဥပဒေများကို ခေတ်နှင့်အညီ ကျယ်ကျယ်ပြန့်ပြန့်မထုတ်ပြန်၍ ဆောင်ရွက်လိုပါက ဥပဒေကို ပြန်လည်သုံးသပ်သင့်ကြောင်း သဘောထားမှတ်ချက်ပြန်ကြားလာခဲ့ပါတယ်။ သို့ပါ၍ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်သည် တက္ကသိုလ်အမည်နှင့်လျော်ညီစွာ နိုင်ငံတကာအဆင့်အထိ ထေရဝါဒဗုဒ္ဓသာသနာကို ပြန့်ပွားနိုင်ဖို့အတွက် ပြည်တွင်းပြည်ပမှာရှိတဲ့ ဗုဒ္ဓဘာသာဆိုင်ရာတက္ကသိုလ်များ၊ သာသနာရေးအဖွဲ့အစည်းများ၊ ပညာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆက်သွယ်နိုင်ဖို့ ပြည်တွင်းပြည်ပမှ သင်တန်းသားများကို လေ့ကျင့်သင်ကြားပေးနိုင်ဖို့အတွက် ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းပေးရန် လိုအပ်လျက်ရှိကြောင်း တွေ့ရပါတယ်။ ထို့အပြင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်အတွက် လိုအပ်တဲ့ဝန်ထမ်းဖွဲ့စည်းပုံတွင် လုပ်ငန်းသဘောသဘာဝအရ နိုင်ငံ့ဝန်ထမ်းပုဂ္ဂိုလ်များသာမကဘဲနဲ့ ရဟန်းတော်များပါ ပါဝင်နေသဖြင့် အကြီးအကဲရာထူးနေရာများအတွက် ဂုဏ်အင်္ဂါ၊ အရည်အချင်းခန့်အပ်ပိုင်ခွင့်ရှိသူ၊ လုပ်ပိုင်ခွင့်နှင့် တာဝန်သတ်မှတ်ပေးပိုင်ခွင့်ရှိသူ ထောက်ပံ့မှု စသည်များကို ဥပဒေတွင် ဖြည့်စွက်ရန်နှင့် တက္ကသိုလ်၏ စီမံခန့်ခွဲရေးနှင့် သင်ကြားရေးပိုင်းအပိုင်းတို့တွေမှာလည်း ခေတ်ကာလနှင့်လျော်ညီစွာ ပိုမိုထိရောက်မှုရှိစေရေးအတွက် တက္ကသိုလ်၏ဘဏ္ဍာရေးနှင့် ရန်ပုံငွေထူထောင်ရရှိနိုင်မှုအပိုင်းများကို ပိုမိုတိကျခိုင်မာမှုရှိစေဖို့ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ကျယ်ပြန့်စွာ ဆက်လက်ထုတ်ပြန်နိုင်ဖို့အတွက် ဥပဒေကို ပြင်ဆင်ရေးဆွဲရန် လိုအပ်ခဲ့ပါတယ်။ သို့ပါ၍ အထက်ပါအကျိုးအကြောင်းဖော်ပြချက်များအရ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကြမ်းကို ပြင်ဆင်ရေးဆွဲတင်သွင်းခြင်း ဖြစ်ပါတယ်။ ဝေဖန် သုံးသပ်ဆွေးနွေးအတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်စိန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သမေတ္တာပို့သအပ်ပါတယ်။ ယနေ့ ပြည်သူ့

လွှတ်တော်မှာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို တနင်္ဂနွေတိုင်းဒေသကြီး၊ ထားဝယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ကျွန်တော် ဦးအောင်စိန် ကနေ ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၁၅/ ပသ(ကမတ-ဥပဒေကြမ်း) ၁/၂၀၁၇ - ၂၉၁

ရက် စွဲ ၊ ၂ ၀ ၁ ၇ ခု နှစ်၊ အောက် တို ဘာ လ ၁၂ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက်။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၅-၇-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၆/၁၂/၁၀(၂၂၇)/ပထစ-၂၀၁၇

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကြမ်းကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက အောက်ပါရည်ရွယ်ချက်များကိုအခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည် -

(က) စစ်မှန်သော ထေရဝါဒဗုဒ္ဓသာသနာတော် ကမ္ဘာတစ်ဝန်းလုံးတွင်း ပြန့်ပွားစေရန်၊

(ခ) သံဂါယနာ ခြောက်တန်တင် ထေရဝါဒပိဋကစာပေများကို မူရင်းအတိုင်း သင်ယူခွင့်ရရှိပြီး လိုက်နာကျင့်သုံးစေရန်၊

(ဂ) အကုသိုလ်ဖြစ်စေမည့် ဒုစရိုက်မှုများကို သိရှိရှောင်ကြဉ်၍ ကုသိုလ်ဖြစ်စေမည့် သုစရိုက်များကို သိရှိဖြည့်ဆည်းကျင့်သုံးစေနိုင်ရန်၊

(ဃ) ကမ္ဘာတစ်ဝန်းလုံးတွင် ဗြဟ္မစိုရ်တရားထွန်းကား၍ ငြိမ်းချမ်းသာယာသည့် လူ့ဘောင်လောကကြီး ဖြစ်လာနိုင်စေရန်၊

(င) ပရိယတ္တိဆိုင်ရာ ပိဋကတ်စာပေ ကျွမ်းကျင်နှံ့စပ်၍ ပဋိပတ္တိဆိုင်ရာ အကျင့်သီလ ပြည့်စုံသော သာသနာပြုတက္ကသိုလ်များ တိုးပွားလာစေရန်၊

(စ) ထေရဝါဒ ပိဋကတ်တော်များကို မူရင်းအတိုင်း လေ့လာသင်ကြားယူလိုသည့် ပြည်တွင်းပြည်ပမှ သင်တန်းသားများအား လေ့ကျင့်သင်ကြားပေးနိုင်ရန်၊

(ဆ) ထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားရေးအတွက် ပြည်တွင်းပြည်ပရှိ ဗုဒ္ဓသာသနာဆိုင်ရာ တက္ကသိုလ်များ၊ တက္ကသိုလ်၏ ရည်မှန်းချက်များကို အထောက်အကူပြုစေမည့် တက္ကသိုလ်များနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်စေနိုင်ရန်။

၃။ သို့ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၃-၈-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့)တွင်လည်းကောင်း၊ ၁၁-၁၀-၂၀၁၇ ရက်(ဗုဒ္ဓဟူးနေ့)တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန်တင်ပြချက်များကို ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိချက်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

၄။ သို့ဖြစ်ပါ၍ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၀ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ ပြည်သူ့လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

# ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း) ၁/၂၀၁၇ - ၂၉၁

ရက် စွဲ ၊ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ လ ၁၂ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက်။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၅-၇-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၆/ ၁၂/ ၁၀ (၂၂၇)/ပထစ - ၂၀၁၇

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀ နည်းဥပဒေခွဲ (က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကြမ်းကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက အောက်ဖော်ပြပါ ရည်ရွယ်ချက်များကိုအခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) စစ်မှန်သော ထေရဝါဒဗုဒ္ဓသာသနာတော် ကမ္ဘာတစ်ဝန်းလုံးတွင် ပြန့်ပွားစေရန်၊

(ခ) သင်္ဂါယနာ ခြောက်တန်တင် ထေရဝါဒပိဋကတ်စာပေများကို မူရင်းအတိုင်း သင်ယူခွင့်ရရှိပြီး လိုက်နာကျင့်သုံးနိုင်စေရန်၊

(ဂ) အကုသိုလ်ဖြစ်စေမည့် ဒုစရိုက်မှုများကို သိရှိရှောင်ကြဉ်၍ ကုသိုလ်ဖြစ်စေမည့် သုစရိုက်များကို သိရှိဖြည့်ဆည်းကျင့်သုံးနိုင်စေရန်၊

(ဃ) ကမ္ဘာတစ်ဝန်းလုံးတွင် ဗြဟ္မစိုရ်တရားထွန်းကား၍ ငြိမ်းချမ်းသာယာသည့် လူ့ဘောင်လောကကြီး ဖြစ်လာနိုင်စေရန်၊

(င) ပရိယတ္တိဆိုင်ရာ ပိဋကတ်စာပေကျွမ်းကျင်နှံ့စပ်၍ ပဋိပတ္တိဆိုင်ရာ အကျင့်သီလပြည့်စုံသော သာသနာပြုပုဂ္ဂိုလ်များ တိုးပွားလာစေရန်၊

(စ) ထေရဝါဒပိဋကတ်တော်များကို မူရင်းအတိုင်း လေ့လာသင်ယူလိုသည့် ပြည်တွင်းပြည်ပမှ သင်တန်းသားများအား လေ့ကျင့်သင်ကြားပေးနိုင်ရန်၊

(ဆ) ထေရဝါဒဗုဒ္ဓဘာသာ ပြန့်ပွားရေးအတွက် ပြည်တွင်းပြည်ပရှိ ဗုဒ္ဓဘာသာဆိုင်ရာ တက္ကသိုလ်များ၊ တက္ကသိုလ်၏ ရည်မှန်းချက်ကို အထောက်အကူပြုစေမည့် တက္ကသိုလ်များနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်စေရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၃-၈-၂၀၁၇ ရက်(ဗုဒ္ဓဟူးနေ့)တွင်လည်းကောင်း၊ ၁၁-၁၀-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့)တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကြမ်းတွင် အခန်း (၁၀) ခန်းနှင့် အပိုဒ်ပေါင်း ၃၈ ပိုဒ် ပါရှိပါသည်။

(ခ) ဥပဒေခေါင်းစီးကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေ**

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

၁၃၇၉ ခုနှစ်၊ လ ရက်

(၂၀၁၇ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

(ဂ) အခန်း(၂) အပိုဒ် ၆ နှင့် အခန်း(၅) အပိုဒ် ၁၆ အပိုဒ်ခွဲ(ဗ) တို့ရှိ သိပ္ပံ ဆိုသည့် စကားရပ်ကို ပယ်ဖျက်ပါသည်။

(ဃ) အပိုဒ် ၇ ရှိ ဘာသာရေးအဖွဲ့အစည်းများကို လိုအပ်ချက်နှင့်အညီ ဆိုသည့် စကားရပ်ကို ဘာသာရေးအဖွဲ့အစည်းများနှင့် ဟု ပြင်ဆင်ပါသည်။

(င) အခန်း(၃) အပိုဒ် ၈ အပိုဒ်ခွဲ(က) ရှိ စစ်မှန်သော ဆိုသည့် စကားရပ်ကို ပယ်ဖျက်ပါသည်။

(စ) အပိုဒ် ၈ အပိုဒ်ခွဲ(ဆ) ရှိ အထောက်အကူပြုစေမည့်တက္ကသိုလ်များနှင့် ဆိုသည့် စကားရပ်ကို အထောက်အကူပြုစေမည့် အခြားတက္ကသိုလ်များနှင့် ဟု ပြင်ဆင်ပါသည်။

(ဆ) အခန်း(၄) အပိုဒ် ၉ ခြေဆင်းရှိ အောက်ပါ ဆရာတော်ကြီးများပါဝင်သော အဖွဲ့ဖြင့် ဆိုသည့်စကားရပ်ကို အောက်ပါ ဆရာတော်ကြီးများဖြင့် ဟု ပြင်ဆင်ပါသည်။

( ဇ) အပိုဒ် ၁၀ အပိုဒ်ခွဲ(ဃ) ရှိ တက္ကသိုလ်ကောင်စီ ဆိုသည့်စကားရပ်ကို ကောင်စီ ဟု ပြင်ဆင်ပါသည်။

(ဈ) အခန်း(၅) အပိုဒ် ၁၃ ခေါင်းစဉ်ရှိ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓ သာသနာပြု တက္ကသိုလ် ဆိုသည့်စကားရပ်ကို ပယ်ဖျက်ပါသည်။

(ည) အပိုဒ် ၁၅ ရှိ လိုအပ်ပါက လိုအပ်ချက်နှင့်အညီ အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပရမည် ဆိုသည့်စကားရပ်ကို လိုအပ်ပါက အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပနိုင်သည် ဟု ပြင်ဆင်ပါသည်။

( ဋ) အပိုဒ် ၁၆ အပိုဒ်ခွဲ(ပ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ပ) တက္ကသိုလ်ပိုင်ရန်ပုံငွေများ၊ အဆောက်အဦနှင့် ပစ္စည်းများကို သတ်မှတ်ချက်နှင့်အညီ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း၊

( ဌ) အပိုဒ် ၁၆ အပိုဒ်ခွဲ(ဖ) ရှိ ထိန်းသိမ်းခြင်းနှင့် ဆိုသည့်စကားရပ်၏ရှေ့တွင် သတ်မှတ်ချက်နှင့်အညီ ဆိုသည့်စကားရပ်ကို ဖြည့်စွက်ပါသည်။

( ဍ) အခန်း(၆) အပိုဒ် ၁၈ အပိုဒ်ခွဲ(င) ရှိ ရေးသားပြုစုဖူးသူ ဆိုသည့်စကားရပ်ကို ရေးသားပြုစုဖူးသောဆရာတော် ဟု ပြင်ဆင်ပါသည်။

( ဎ) အပိုဒ် ၁၈ အပိုဒ်ခွဲ(ဆ) ရှိ ဖွားမြင်သူဖြစ်သည့်အပြင် ဆိုသည့်စကားရပ်ကို ဖွားမြင်သူ ဖြစ်ရမည့်အပြင် ဟု ပြင်ဆင်ပါသည်။

(ဏ) အပိုဒ် ၁၈ အပိုဒ်ခွဲ(ဇ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

( ဇ) တက္ကသိုလ်၏ စီမံခန့်ခွဲရေး၊ သင်ကြားရေး အစရှိသည့်လုပ်ငန်း အရပ်ရပ်ကို ဦးစီးပေးဆောင်ရွက်နိုင်သော ဆရာတော် ဖြစ်ရမည်။

(တ) အပိုဒ် ၂၂ အပိုဒ်ခွဲ(ဂ) ကို ပယ်ဖျက်ပါသည်။

(ထ) အခန်း(၇) အပိုဒ်၂၃ ခေါင်းစဉ်ရှိ အောက်ပါအဖွဲ့များကို ဆိုသည့်စကားရပ် ၏ရှေ့တွင် သတ်မှတ်ချက်နှင့်အညီ ဆိုသည့်စကားရပ်ကို ဖြည့်စွက်ပါသည်။

( ဒ) အပိုဒ် ၂၄ ရှိ တက္ကသိုလ်ပညာရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့များ တွင်ပါဝင်သော ဆိုသည့်စကားရပ်ကို တက္ကသိုလ်ပညာရေးအဖွဲ့တွင် ပါဝင်သော ဟု ပြင်ဆင်ပါသည်။

( ဓ) အပိုဒ် ၂၅ ကို အခန်း(၅) အပိုဒ် ၁၆ အပိုဒ်ခွဲ(ဘ)အဖြစ် အောက်ပါအတိုင်း ပြောင်းလဲ ပြင်ဆင်ပါသည်-

(ဘ) တက္ကသိုလ်ပညာရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့တို့၏ လုပ်ငန်း တာဝန်များကို သတ်မှတ်ပေးခြင်း။

( န) အပိုဒ် ၂၆ ကို အပိုဒ် ၂၅ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ တင်ပြအတည်ပြုချက်ရယူရမည် ဆိုသည့်စကားရပ်ကိုတင်ပြပြီး အတည်ပြုချက်ရယူရမည် ဟုပြင်ဆင်ပါသည်။

( ပ) အခန်း(၈) အပိုဒ် ၂၉ ကို အခန်း(၅) အပိုဒ် ၁၆ အပိုဒ်ခွဲ(ဗ)အဖြစ် အောက်ပါအတိုင်း ပြောင်းလဲပြင်ဆင်ပါသည်-

(ဗ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ရဟန်းတော်များနှင့် လူပုဂ္ဂိုလ်ပညာရှင်များ ခန့်အပ်ရာတွင် တက္ကသိုလ်ပညာရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့တို့က အဆိုပြုရွေးချယ်သူကို ကောင်စီအစည်းအဝေးတွင် တင်ပြ၍ အတည်ပြုချက်ဖြင့် ခန့်အပ်ခြင်း၊

( ဖ) အခန်း(၉) အပိုဒ် ၃၅ ကို အပိုဒ် ၃၃ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ လိုအပ် ချက်နှင့်အညီ ဆိုသည့်စကားရပ်ကို လိုအပ်သလို ဟု ပြင်ဆင်ပါသည်။

( ဗ) အခန်း(၁၀) အပိုဒ် ၃၆ ကို အပိုဒ် ၃၄ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ စည်းမျဉ်း၊ စည်းကမ်း၊ နည်းဥပဒေ ဆိုသည့်စကားရပ်ကို နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ ဟု ပြင်ဆင်ပါသည်။

(ဘ) အပိုဒ် ၃၇ အပိုဒ်ခွဲ(က)ကို အပိုဒ် ၃၅ အပိုဒ်ခွဲ(က)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ နည်းဥပဒေ ဆိုသည့်စကားရပ်ကို နည်းဥပဒေများ ဟု ပြင်ဆင်ပါသည်။

( မ) အပိုဒ် ၃၇ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၃၅ အပိုဒ်ခွဲ(ခ) နှင့်(ဂ)တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ကောင်စီသည် အမိန့်၊ ညွှန်ကြားချက်နှင့် တက္ကသိုလ်ပဋိညာဉ်ကို ထုတ်ပြန်နိုင်သည်။

၄။ သို့ဖြစ်ပါ၍ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေတစ်ခုပြဋ္ဌာန်းဖို့ဆိုရင် ကျွန်တော် အမြဲပြောလေ့ရှိပါတယ်။ ဒီနေရာမှာ ဥပဒေကြမ်းကော်မတီအနေနဲ့ လွှတ်တော်က ဖွဲ့စည်းထားတဲ့ သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်တဲ့ကော်မတီကိုလည်း ဖိတ်ဖို့တော့ လိုပါတယ်။ အခု ပြောသွားတဲ့အထဲမှာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးပါတယ်။ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ပါတယ်။ သို့သော် ဒီသုံးခုပဲပါတယ်ဆိုတော့ ပြည်သူ့လွှတ်တော်က ဖွဲ့ထားတဲ့ သာသနာရေးနှင့် ယဉ်ကျေးမှုနှင့်ဆိုင်တဲ့ကော်မတီလည်း ပါဖို့တော့လိုပါတယ်။ အဲဒီလို အစည်းအဝေးထိုင်တဲ့အခါမှာ။ ဒါ့အပြင် ကျွန်တော် အမြဲပြောပါတယ်။ ပြင်ပက ဘာသာရေး၊ သာသနာ

ရေးနဲ့ နားလည်တတ်ကျွမ်းတဲ့ပုဂ္ဂိုလ်တွေ၊ ဆရာတော်တွေ ဖိတ်ဖို့လည်း လိုပါတယ်။ ဒါမှသာလျှင် ဥပဒေတစ်ခုဟာ ပိုမိုပြည့်စုံပြီး ပိုမိုကောင်းမွန်မှာဖြစ်ပါတယ်။ အခု ခြောက်ဦး၊ ခြောက်ဖွဲ့ ဆွေးနွေးရမယ်ပြောထားပေမဲ့လည်းပဲ ဒီမှာတော့ နှစ်ဖွဲ့လိုသွားတာ တွေ့ရတယ်။ နောက်ကို ဥပဒေကြမ်းတစ်ခုပြုစုမယ်ဆိုရင် အဲဒီလိုခေါ်ပါ။ အချိန်ရသေးတယ်။ ကိုယ်စားလှယ်တွေ အစီရင်ခံစာတင်မယ်ဆိုရင်လည်း အဲဒီလိုသက်ဆိုင်ရာကော်မတီနဲ့ ပြင်ပက သက်ဆိုင်ရာနားလည်တတ်ကျွမ်းတဲ့ပုဂ္ဂိုလ်တွေကိုလည်းခေါ်ပြီးတော့၊ ဆွေးနွေးပြီးတော့ ညှိနှိုင်းဆောင်ရွက်ပေးပါ။

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တင်သွင်းသည့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုတဲ့ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာများကို တိတိကျကျဖော်ပြ၍ ၂၃-၁၀-၂၀၁၇ ရက်(တနင်္လာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကိုရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်(သောကြာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၁၁း၅၅ နာရီအချိန်တွင်ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ (၁၉.၁၀.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



ဦးစောထွန်းမြအောင်
(ဖာပွန် မဲဆန္ဒနယ်)



ဦးစောသလေးစော
(ရွှေကျင် မဲဆန္ဒနယ်)



ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီး
(ကလေး မဲဆန္ဒနယ်)



ဒေါ်မိကွန်ချမ်း
(ပေါင် မဲဆန္ဒနယ်)



ဦးဇာနည်မင်း
(ရွှေကူ မဲဆန္ဒနယ်)



ဦးကျော်အောင်လွင်
(စေတုတ္တရာ မဲဆန္ဒနယ်)



ဦးသူရဦးအောင်ကို
(သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်